မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | | | |
|---|---|---|---|---|
| အမှတ် ၁၉ ] | ရန်ကုန်မြို့ { | ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်<br>( ၂၀၁၅ ခုနှစ်၊ မေလ ၈ ရက် ) | } သောကြာနေ့ | [ အတွဲ ၆၈ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၅**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက် )

**စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆိုင်ရာ အမျိုးသားအဆင့်ဗဟိုကော်မတီဖွဲ့စည်းခြင်း**

မြန်မာနိုင်ငံတွင် ဝတ်မွတ်ခေါင်းပါးမှုပပျောက်ရေးဆိုင်ရာ စိန်ခေါ်မှုကို ဖြေရှင်းဆောင်ရွက်မည့် အစီအမံများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့်မူဝါဒချမှတ်နိုင်ရန်နှင့် အမျိုးသားအဆင့် ပေါင်းစပ်ဆောင်ရွက်မှုများအပေါ် လမ်းညွှန်မှုများပေးနိုင်ရန် **"စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆိုင်ရာ အမျိုးသားအဆင့် ဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (၁) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဒုတိယသမ္မတ (၂) | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၀) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၁၁) ဥက္ကဋ္ဌ — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(၁၂) ဝန်ကြီးချုပ် — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

(၁၃) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၁၄) ပြည်ထောင်စုဝန်ကြီး — တွဲဖက်အတွင်းရေးမှူး (၁)
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၅) ပြည်ထောင်စုဝန်ကြီး — တွဲဖက်အတွင်းရေးမှူး (၂)
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ
ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၅

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက် )

### စားနပ်ရိက္ခာနှင့်အာဟာရဖူလုံရေးဆိုင်ရာလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

မြန်မာနိုင်ငံတွင် ဝတ်မွတ်ခေါင်းပါးမှုပပျောက်ရေးဆိုင်ရာ စိန်ခေါ်မှုကို ဖြေရှင်းဆောင်ရွက်မည့် အစီအမံများအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် တိကျသည့်လုပ်ငန်းစဉ်များချမှတ်ခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြပ်အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ဆောင်ရွက်မှုရလဒ်များအား ဗဟိုကော်မတီသို့ တင်ပြ လမ်းညွှန်မှုခံယူနိုင်ရန်အတွက် **"စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံရေးဆိုင်ရာလုပ်ငန်းကော်မတီ"** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

(၁) ဒုတိယသမ္မတ (၂) — ဥက္ကဋ္ဌ

(၂) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၃) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(၄) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(၅) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

| | | |
|---|---|---|
| (၆) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၇) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>သမဝါယမဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (၁၇) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၉) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၀) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၁) | မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် (UNRC) | အဖွဲ့ဝင် |
| (၂၂) | မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်<br>စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် (FAO) | အဖွဲ့ဝင် |
| (၂၃) | မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်<br>ဌာနေကိုယ်စားလှယ် (WFP) | အဖွဲ့ဝင် |

(၂၄) မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် (UNICEF) — အဖွဲ့ဝင်

(၂၅) မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) — အဖွဲ့ဝင်

(၂၆) ဒုတိယဝန်ကြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန — အတွင်းရေးမှူး

(၂၇) ဒုတိယဝန်ကြီး (လယ်ယာ) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး (၁)

(၂၈) ဒုတိယဝန်ကြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး (၂)

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၅

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက် )

**အရာထမ်း၊ အမှုထမ်း၊ ရာထူးအခေါ်အဝေါ်များ ပြင်ဆင်သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂၇၊ ပုဒ်မခွဲ (က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၅၉၊ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၃ တို့အရ ဖွဲ့စည်းထားသော ပြည်ထောင်စုဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈ နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၆ တို့အရ နိုင်ငံတော်သမ္မတကခန့်အပ်ထားသော ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၇၊ ပုဒ်မခွဲ (ခ) အရ ခန့်အပ်ထားသော အရာထမ်း၊ အမှုထမ်းများ၏ ရာထူးအမျိုးအစားအလိုက် ရာထူးအခေါ်အဝေါ်များကို ပူးတွဲပါဇယားတွင်ဖော်ပြထားသည့်အတိုင်း ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ခေါ်ဝေါ်သုံးစွဲရန် သတ်မှတ်လိုက်သည်။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈ အရ နိုင်ငံတော်သမ္မတက ခန့်အပ်သော ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးတို့၏ ရာထူးအခေါ်အဝေါ်နှင့် လစာနှုန်းထားများကိုလည်းကောင်း၊ ယင်းတို့၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ဖွဲ့စည်းပုံအရ ခန့်အပ်ထားသည့် ရာထူးအမျိုးအစားအလိုက် ရာထူးအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကိုလည်းကောင်း ပူးတွဲပါဇယားတွင် ဖော်ပြထားသည့်အတိုင်း သတ်မှတ်သည်။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၈-၁-၁၉၉၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃/၉၀ နှင့် ၅-၆-၁၉၉၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၃/၉၀ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

## လစာနှုန်းထားအလိုက် အသစ်ပြောင်းလဲသတ်မှတ်သည့် ရာထူးအခေါ်အဝေါ်များ

| စဉ် | အသစ်ထပ်မံသတ်မှတ်ထားသည့် အဆင့်(၁၃)ဆင့်၏ ရာထူးအခေါ်အဝေါ်များ | လစာနှုန်း (ကျပ်) |
|---|---|---|
| ၁ | အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး/ရဲချုပ်/သံအမတ်ကြီး/ပါမောက္ခချုပ်/ကျောင်းအုပ်ကြီး/ ပုံသန်းရေးဌာနမှူးချုပ်/ဒု-ပုံသန်းရေးဌာနမှူးချုပ်/လေယာဉ်မှူးချုပ်/လေယာဉ်မှူးကြီး | ၂၅၀၀၀၀-၂၀၀၀-၂၆၀၀၀၀ |
| ၂ | ဒုတိယအမြဲတမ်းအတွင်းဝန်/ဒု-ညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး/အထွေထွေမန်နေဂျာ၊ ဒု-ရဲချုပ်/ရဲရေးချုပ်/ရဲထောက်ချုပ်/သံအမတ်/လေယာဉ်မှူး/ပါမောက္ခချုပ်/ဒု-ပါမောက္ခချုပ်/ပါမောက္ခ (ဆေးလက်တွေ့)/ ကျောင်းအုပ်ကြီး/ဒု-ကျောင်းအုပ်ကြီး/အင်ဂျင်နီယာချုပ်/စက်ရုံမှူး/ဆေးရုံအုပ်ကြီး/ဒု-ဦးဆောင်ညွှန်ကြားရေးမှူး/ရဲဦးစီးအရာရှိချုပ် | ၂၂၀၀၀၀-၂၀၀၀-၂၃၀၀၀၀ |
| ၃ | လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး/ဒု-ညွှန်ကြားရေးမှူး/အထွေထွေမန်နေဂျာ/ဒု-အထွေထွေမန်နေဂျာ/ဌာနကြီးမှူး/ဌာနမှူး/ရဲမှူးကြီး/(သံမှူးကြီး/ကောင်စစ်ဝန်ချုပ်)/အင်ဂျင်နီယာမှူးကြီး/ပါမောက္ခ/တွဲဖက်ပါမောက္ခ/ကျောင်းအုပ်ကြီး/ဒု-ကျောင်းအုပ်ကြီး/ဆေးရုံအုပ်ကြီး/စက်ရုံမှူး/ဒု-စက်ရုံမှူး/ရေကြောင်းဌာနမှူးချုပ်/ရေကြောင်းပြမှူးကြီး/ရေယာဉ်မှူးကြီး/ရေယာဉ်ဗိသုကာချုပ်/ဆိပ်ကမ်းအရာရှိချုပ်/စာတည်းမှူးချုပ်/စာကြည့်တိုက်မှူး/သုတေသနမှူး/အင်ဂျင်နီယာချုပ်/ဒုတိယအင်ဂျင်နီယာချုပ်/ စာရင်းကိုင်ချုပ် | ၂၀၀၀၀၀-၂၀၀၀-၂၁၀၀၀၀ |
| ၄ | ဒု-ညွှန်ကြားရေးမှူး/လက်ထောက်ညွှန်ကြားရေးမှူး/ဒု-အထွေထွေမန်နေဂျာ/လက်ထောက်အထွေထွေမန်နေဂျာ/မန်နေဂျာ/ဌာနမှူး/သံမှူး/ဒု-ရဲမှူးကြီး/တွဲဖက်ပါမောက္ခ/ဒု-ပါမောက္ခ/ကထိက(ဆရာဝန်)/ကျောင်းအုပ်ကြီး/ဒု-ကျောင်းအုပ်ကြီး/ဆေးရုံအုပ်ကြီး/အထူးကုဆရာဝန်ကြီး/ဒု-အင်ဂျင်နီယာချုပ်/အင်ဂျင်နီယာမှူးကြီး/ဒု-အင်ဂျင်နီယာမှူးကြီး/စက်ရုံမှူး/ဒု-စက်ရုံမှူး/လက်ထောက်စက်ရုံမှူး/ဒု-ရေကြောင်းဌာနမှူးချုပ်/ရေယာဉ်အင်ဂျင်နီယာ/ရေယာဉ်မှူးကြီး/ဒု-ရေယာဉ်မှူးကြီး/ဆိပ်ကမ်းအရာရှိ/ဘူမိဗေဒအရာရှိကြီး/ဘူမိရူပဗေဒအရာရှိကြီး/စာတည်းမှူး/သုတေသနမှူး/ဒု-ဌာနမှူး/ပစ္စည်းထိန်းချုပ်/ဒု-မြို့ပြအင်ဂျင်နီယာချုပ်/ဒု-စာရင်းကိုင်ချုပ် | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ |
| ၅ | လက်ထောက်ညွှန်ကြားရေးမှူး/ဒု-လက်ထောက်ညွှန်ကြားရေးမှူး/မန်နေဂျာ/ဌာနမှူး/ဌာနခွဲမှူး/ရဲမှူး/ပထမအတွင်းဝန်/ကထိက/မော်ကွန်းထိန်း/ကျောင်းအုပ်/ပညာရေးမှူး/ဆေးရုံအုပ်/အထူးကုဆရာဝန်/ဆရာဝန်ကြီး/အင်ဂျင်နီယာမှူး/စက်ရုံမှူး/ဒုစက်ရုံမှူး/လ/ထစက်ရုံမှူး/အလုပ်ရုံမှူး/ဒုလေယာဉ်မှူးကြီး/ လ/ထ ရေကြောင်းဌာနမှူးချုပ်/ရေကြောင်းအင်ဂျင်နီယာချုပ်/ရေယာဉ်အင်ဂျင်နီယာ/ရေယာဉ်မှူးကြီး/ရေယာဉ်မှူး/ရေယာဉ်ဗိသုကာ/ဘူမိဗေဒအရာရှိ/ ဘူမိရူပဗေဒအရာရှိ/ဘူမိဓာတုဗေဒအရာရှိ/စာတည်းမှူး/စာတည်း/ပြတိုက်မှူး/စာကြည့်တိုက်မှူး/သူနာပြုအုပ်ကြီး/သုတေသနမှူး/ဒု-သုတေသနမှူး/သုတေသနအရာရှိ/ဒု-စာတည်းမှူးချုပ် | ၁၆၀၀၀၀-၂၀၀၀-၁၇၀၀၀၀ |
| ၆ | လက်ထောက်မန်နေဂျာ/ဌာနမှူး/ဌာနခွဲမှူး/ဌာနစုမှူး/ ကိုယ်ရေးအရာရှိ/ဒုရဲမှူး/ဒုတိယအတွင်းဝန်/တတိယအတွင်းဝန်/လ/ထကထိက/ကျောင်းအုပ်/ဒု-ကျောင်းအုပ်/မော်ကွန်းထိန်း/လ/ထမော်ကွန်းထိန်း/နည်းပြအရာရှိ/ | ၁၄၀၀၀၀-၂၀၀၀-၁၅၀၀၀၀ |

## လစာနှုန်းထားအလိုက် အသစ်ပြောင်းလဲသတ်မှတ်သည့် ရာထူးအခေါ်အဝေါ်များ

| စဉ် | အသစ်ထပ်မံသတ်မှတ်ထားသည့် အဆင့်(၁၃)ဆင့်၏ ရာထူးအခေါ်အဝေါ်များ | လစာနှုန်း (ကျပ်) |
|---|---|---|
| | ဒု-ဆေးရုံအုပ်/လက်ထောက်ဆရာဝန်/လက်ထောက်အင်ဂျင်နီယာ/စက်ရုံမှူး/ ဒု-စက်ရုံမှူး/ဒုအလုပ်ရုံမှူး/အလုပ်ရုံခွဲမှူး/လ/ထလေယာဉ်မှူး/ရေကြောင်းမှူး/ လက်ထောက်ရေကြောင်းမှူး/ရေယာဉ်အင်ဂျင်နီယာ/လက်ထောက်ရေယာဉ်အင်ဂျင်နီယာ/ ရေယာဉ်မှူး/လက်ထောက်ရေယာဉ်မှူး/ရေယာဉ်အရာရှိ/လ/ထရေယာဉ်ဗိသုကာ/ လက်ထောက်ဘူမိဗေဒအရာရှိ/လက်ထောက်ဘူမိရူပဗေဒအရာရှိ/လက်ထောက် ဘူမိဓာတုဗေဒအရာရှိ/စာတည်း/လက်ထောက်စာတည်း/သတင်းထောက်မှူး/ အားကစားမှူး/စာကြည့်တိုက်မှူး/လက်ထောက်စာကြည့်တိုက်မှူး/သုတေသနအရာရှိ/ လက်ထောက် သုတေသနအရာရှိ/ဦးစီးအရာရှိ/သူနာပြုအုပ်/ပျံသန်းရေးအရာရှိ/ လုပ်ငန်းအရာရှိ/လ/ထပြတိုက်မှူး/ဌာနစုမှူး(၁)/ဌာနစုမှူး(၂)/ ရုံပိုင်ချုပ်ကြီး/ ရေငုပ်အရာရှိ/ လ/ထဆိပ်ကမ်းအရာရှိ/ဒု-မြို့နယ်ပညာရေးမှူး/စာပေစိစစ်ရေးမှူး | ၁၄၀၀၀၀-၂၀၀၀-၁၅၀၀၀၀ |
| ၇ | ရဲအုပ် | ၁၁၁၀၀၀-၁၀၀၀-၁၁၆၀၀၀ |
| ၈ | ဦးစီးမှူး/ရုံးအုပ်/ကြီးကြပ်ရေးမှူး/စာရင်းကိုင်(၁)/စာရင်းစစ်(၁)/ငွေကိုင်(၁)/ ပစ္စည်းထိန်း(၁)/လုံခြုံရေး(၁)/သိုလှောင်ရုံမှူး(၁)/ယန္တရားမောင်း(၁)/လျှပ်စစ် ကျွမ်းကျင်(၁)/စက်မောင်း(၁)/အီလက်ထရောနစ်ကျွမ်းကျင်(၁)/အလုပ်ရုံစုမှူး/ စက်မှုစီမံရေး(၁)/စက်မှုကျွမ်းကျင်(၁)/ထုတ်လုပ်ရေးကျွမ်းကျင်(၁)/လက်မှုကျွမ်းကျင်(၁)/ ဂဟေဆက်(၁)/သုတေသနလက်ထောက်(၁)/ဓာတ်ခွဲခန်းကျွမ်းကျင်(၁)/ရေယာဉ်အုပ် (၁)/စက်ခန်းအုပ်(၁)/တက်မကိုင်(၁)/သင်္ဘောသား(၁)/ကုန်းပတ်မှူး(နိုင်ငံခြားသွား/ ကမ်းရိုးတန်းသွား)/စက်ခန်းမှူး(နိုင်ငံခြားသွား/ကမ်းရိုးတန်းသွား)/ရေယာဉ်ဆက်သွယ် ထောက်ပံ့ရေးမှူး/ရေငုပ်(၁)/တိုင်းထွာရေး(၁)/ရုံပိုင်ချုပ်/စက်ခေါင်းမောင်း(၁)/ (အကြီးတန်းလေယာဉ်မောင်/အကြီးတန်းလေယာဉ်မယ်)/ဆက်သွယ်ရေး(၁)/ယာဉ်မောင်း စက်ပြင်(၁)/ယာဉ်မောင်း(၁)/ရေနံကျွမ်းကျင်(၁)/ဘူမိဗေဒလက်ထောက်(၁)/ဘူမိရူပ ဗေဒလက်ထောက်(၁)/သတ္တုဗေဒလက်ထောက်(၁)/သတ္တုတွင်းလက်ထောက်(၁)/ အငယ်တန်းအင်ဂျင်နီယာ(၁)/ပုံဆွဲ(၁)/ပုံထုတ်(၁)/ခန့်မှန်း(၁)/လက်သမား(၁)/ ပန်းရန်(၁)/အရောင်း(၁)/စားဖိုမှူး(၁)/စားပွဲထိုး(၁)/ဧည့်ကြို(၁)/မုန့်ဖုတ်(၁)/ ဧည့်လမ်းညွှန်(၁)/မျက်မှန်ကျွမ်းကျင်(၁)/သားခုတ်(၁)/အဝတ်လျှော်(၁)/အခမ်း အနားပြင်(၁)/စက်ချုပ်(၁)/အခန်းထိန်း(၁)/လွှသွေး(၁)/ဓားသွေး(၁)/သစ်စစ်(၁)/ သစ်စာရင်းကိုင်(၁)/သစ်ပေါင်း(၁)/သစ်ရွေး(၁)/ပစ္စည်းရွေး(၁)/ဘွိုင်လာထိန်း(၁)/ တိရစ္ဆာန်ထိန်း(၁)/တိရစ္ဆာန်ဆေးကုမှူး/မြေတိုင်း(၁)/လျှာထိုးစက်ကိုင်(၁)/ ထွန်စက်မောင်း(၁)/ငါးဖမ်းကျွမ်းကျင်(၁)/အကြီးတန်းနည်းပြ/ကျန်းမာရေးမှူး(၁)/ ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၁)/ဆေးစပ်(၁)/သူနာပြု(၁)/ပိုးမွှားလက်ထောက်(၁)/ ပုံနှိပ်ကျွမ်းကျင်(၁)/စာပေလက်ထောက်(၁)/အကြီးတန်းသတင်းထောက်/စာကြည့်တိုက် လက်ထောက်(၁)/ဓာတ်ပုံကျွမ်းကျင်(၁)/အသံလွှင့်ကျွမ်းကျင်(၁)/ရုပ်သံကျွမ်းကျင်(၁)/ အနုပညာရှင်(၁)/ရိုးရာပန်းပညာရှင်(၁)/ပြတိုက်လက်ထောက်(၁)/လူမှုဝန်ထမ်း(၁)/ သာသနာရေးလက်ထောက်(၁)/အကြီးတန်းစုံစမ်းရေးမှူး/ဈေးခေါင်း(၁)/စကားပြန်(၁)/ စစ်ဆေးရေးမှူး(၁)/စာရင်းအင်းမှူး/စိစစ်ရေးမှူး(၁)/မော်ကွန်းထိန်းလက်ထောက်(၁)/ ဒု-ရဲအုပ်/ဖြန့်ဖြူးရေး(၁)/ကျွမ်းကျင်(၁)/ဘူမိဓာတုဗေဒလ/ထ(၁)/သံရုံးအုပ်/ ဗီဒီယို ကျွမ်းကျင်(၁)/ရေတိုင်းအုပ်/အကြီးတန်းလက်ရေးတိုလက်နှိပ်စက်ရိုက် | ၁၀၅၀၀၀-၁၀၀၀-၁၁၀၀၀၀ |

## လစာနှုန်းထားအလိုက် အသစ်ပြောင်းလဲသတ်မှတ်သည့် ရာထူးအခေါ်အဝေါ်များ

| စဉ် | အသစ်ထပ်မံသတ်မှတ်ထားသည့် အဆင့်(၁၃)ဆင့်၏ ရာထူးအခေါ်အဝေါ်များ | လစာနှုန်း (ကျပ်) |
|---|---|---|
| ၉ | ဒု-ဦးစီးမှူး/ဒု-ကြီးကြပ်ရေးမှူး/ဌာနစိတ်မှူး/အငယ်တန်းလက်ထောက်/ဌာနခွဲစာရေး/အငယ်တန်းလက်ရေးတိုလက်နှိပ်စက်ရိုက်/စာရင်းကိုင်(၂)/စာရင်းစစ်(၂)/ငွေကိုင်(၂)/ပစ္စည်းထိန်း(၂)/လုံခြုံရေး(၂)/သိုလှောင်ရုံမှူး(၂)/ယန္တရားမောင်း(၂)/စက်မောင်း(၂)/အီလက်ထရောနစ်ကျွမ်းကျင်(၂)/လျှပ်စစ်ကျွမ်းကျင်(၂)/ကွန်ပျူတာစီစဉ်ရေးမှူး/စနစ်သရုပ်ခွဲမှူး/ကွန်ပျူတာလုပ်ဆောင်ရေးမှူး/အလုပ်ရုံစိတ်မှူး/စက်မှုစီမံရေး(၂)/စက်မှုကျွမ်းကျင်(၂)/ထုတ်လုပ်ရေးကျွမ်းကျင်(၂)/လက်မှုကျွမ်းကျင်(၂)/ဂဟေဆက်(၂)/သုတေသနလက်ထောက်(၂)/ဓာတ်ခွဲခန်းကျွမ်းကျင်(၂)/ရေယာဉ်အုပ်(၂)/စက်ခန်းအုပ်(၂)/တက်မကိုင်(၂)/သင်္ဘောသား(၂)/အငယ်တန်းရေယာဉ်ဆက်သွယ်ထောက်ပံ့ရေးမှူး/အငယ်တန်းစက်ခန်းမှူး(နိုင်ငံခြားသွား/ကမ်းရိုးတန်းသွား)/ရေငုပ်(၂)/တိုင်းထွာရေး(၂)/ရုံပိုင်ကြီး/စက်ခေါင်းမောင်း(၂)/(လေယာဉ်မောင်/လေယာဉ်မယ်)/ဆက်သွယ်ရေး(၂)/ယာဉ်မောင်းစက်ပြင်(၂)/ယာဉ်မောင်း(၂)/ဘူမိဗေဒလက်ထောက်(၂)/ဘူမိရူပဗေဒလက်ထောက်(၂)/ဘူမိဓာတုဗေဒလ/ထ(၂)/ရေနံကျွမ်းကျင်(၂)/သတ္တုဗေဒလက်ထောက်(၂)/သတ္တုတွင်းလက်ထောက်(၂)/အငယ်တန်းအင်ဂျင်နီယာ(၂)/ပုံဆွဲ(၂)/ပုံထုတ်(၂)/ခန့်မှန်း(၂)/လက်သမား(၂)/ပန်းရန်(၂)/အရောင်း(၂)/စားဖိုမှူး(၂)/စားပွဲထိုး(၂)/ဧည့်ကြို(၂)/မုန့်ဖုတ်(၂)/ဧည့်လမ်းညွှန်(၂)/မျက်မှန်ကျွမ်းကျင်(၂)/သားခုတ်(၂)/အဝတ်လျှော် (၂)/အခမ်းအနားပြင်(၂)/သစ်အုပ်ကြီး/ဆင်အုပ်/စက်ချုပ်(၂)/အခန်းထိန်း(၂)/လွှသွေး(၂)/ဓားသွေး(၂)/သစ်စစ်(၂)/သစ်စာရင်းကိုင်(၂)/သစ်ပေါင်း(၂)/သစ်ရွေး (၂)/ပစ္စည်းရွေး(၂)/ဘွိုင်လာထိန်း(၂)/တောအုပ်ကြီး/တိရစ္ဆာန်ထိန်း(၂)/ဒု-တိရစ္ဆာန်ဆေးကုမှူး/မြေတိုင်း(၂)/လျှာထိုးစက်ကိုင်(၂)/ထွန်စက်မောင်း(၂)/ငါးဖမ်းကျွမ်းကျင် (၂)/မွေးမြူရေးမှူး/ပျားစခန်းတာဝန်ခံ/နည်းပြ/စာစဉ်မှူး/လက်ထောက်ပညာရေးမှူး/အထက်တန်းပြဆရာ/ဖြန့်ဖြူးရေး(၂)/ကျန်းမာရေးမှူး(၂)/ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၂)/ကျွမ်းကျင်(၂)/ဆေးစပ်(၂)/သူနာပြု(၂)/ပိုးမွှားလက်ထောက်(၂)/ပုံနှိပ်ကျွမ်းကျင်(၂)/စာပေလက်ထောက်(၂)/အငယ်တန်းသတင်းထောက်/စာကြည့်တိုက်လက်ထောက်(၂)/ဓာတ်ပုံကျွမ်းကျင်(၂)/အသံလွှင့်ကျွမ်းကျင်(၂)/ရုပ်သံကျွမ်းကျင်(၂)/အနုပညာရှင်(၂)/ ရိုးရာပန်းပညာရှင်(၂)/ပြတိုက်လက်ထောက်(၂)/လူမှုဝန်ထမ်း(၂)/လူဝင်မှုကြီးကြပ်ရေးမှူး/သာသနာရေးလက်ထောက်(၂)/စုံစမ်းရေးမှူး/စျေးခေါင်း(၂)/စကားပြန်(၂)/ထောင်မှူးကြီး/စစ်ဆေးရေးမှူး(၂)/ဒု-စာရင်းအင်းမှူး/ စိစစ်ရေးမှူး(၂)/မော်ကွန်းထိန်းလက်ထောက်(၂)/ရဲအရာခံ/သရုပ်ပြ/ထိန်းသိမ်းရေးမှူး/အကောက်ခွန်မှူး/သံရုံးစာရေး/ဗီဒီယိုကျွမ်းကျင်(၂)/ ဆေးလူမှုဆက်ဆံရေးမှူး | ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀ |
| ၁၀ | လက်ထောက်ဦးစီးမှူး/လ/ထကြီးကြပ်ရေးမှူး/အကြီးတန်းစာရေး/အကြီးတန်းလက်နှိပ်စက်ရိုက်/စာရင်းကိုင်(၃)/စာရင်းစစ်(၃)/ငွေကိုင်(၃)/ပစ္စည်းထိန်း(၃)/လုံခြုံရေး(၃)/သိုလှောင်ရုံမှူး(၃)/လ/ထမီးသတ်ဦးစီးမှူး/ယန္တရားမောင်း(၃)/စက်မောင်း(၃)/အီလက်ထရောနစ်ကျွမ်းကျင်(၃)/လျှပ်စစ်ကျွမ်းကျင်(၃)/လ/ထကွန်ပျူတာစီစဉ်ရေးမှူး/လ/ထစနစ်သရုပ်ခွဲမှူး/လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး/စက်မှုစီမံရေး(၃)/စက်မှုကျွမ်းကျင်(၃)/ထုတ်လုပ်ရေးကျွမ်းကျင်(၃)/လက်မှုကျွမ်းကျင်(၃)/ဂဟေဆက်(၃)/သုတေသနလက်ထောက်(၃)/ဓာတ်ခွဲခန်းကျွမ်းကျင်(၃)/ရေယာဉ်အုပ်(၃)/စက်ခန်းအုပ်(၃)/တက်မကိုင်(၃)/သင်္ဘောသား(၃)/ရေငုပ်(၃)/တိုင်းထွာရေး(၃)/ရုံပိုင်/စက်ခေါင်းမောင်း(၃)/ဆက်သွယ်ရေး(၃)/ယဉ်မောင်းစက်ပြင်(၃)/ယာဉ်မောင်း(၃)/ | ၉၃၀၀၀-၁၀၀၀-၉၈၀၀၀ |

## လစာနှုန်းထားအလိုက် အသစ်ပြောင်းလဲသတ်မှတ်သည့် ရာထူးအခေါ်အဝေါ်များ

| စဉ် | အသစ်ထပ်မံသတ်မှတ်ထားသည့် အဆင့်(၁၃)ဆင့်၏ ရာထူးအခေါ်အဝေါ်များ | လစာနှုန်း (ကျပ်) |
|---|---|---|
| | ရေနံကျွမ်းကျင်(၃)/ဘူမိဗေဒလက်ထောက်(၃)/ဘူမိရူပဗေဒလ/ထ(၃)/ဘူမိဓာတုဗေဒလ/ထ(၃)/သတ္တုဗေဒလက်ထောက်(၃)/သတ္တုတွင်းလက်ထောက်(၃)/အငယ်တန်း အင်ဂျင်နီယာ(၃)/ပုံဆွဲ(၃)/ပုံထုတ်(၃)/ပန်းရန်(၃)/ခန့်မှန်း(၃)/လက်သမား(၃)/အရောင်း(၃)/စားဖိုမှူး(၃)/မုန့်ဖုတ်(၃)/စားပွဲထိုး(၃)/ဧည့်ကြို(၃)/ဧည့်လမ်းညွှန်(၃)/မျက်မှန်ကျွမ်းကျင်(၃)/သားခုတ်(၃)/အဝတ်လျှော်(၃)/အခမ်းအနားပြင်(၃)/စက်ချုပ်(၃)/အခန်းထိန်း(၃)/လွှသွေး(၃)/ဓားသွေး(၃)/သစ်စစ်(၃)/စက်လွှမောင်း/သစ်စာရင်းကိုင်(၃)/သစ်ပေါင်း(၃)/သစ်ရွေး(၃)/ပစ္စည်းရွေး(၃)/ဘွိုင်လာထိန်း(၃)/တိရစ္ဆာန်ထိန်း(၃)/လက်ထောက်တိရစ္ဆာန်ဆေးကုမှူး/သစ်အုပ်/ချောင်းအုပ်/ဆင်ခေါင်း/တောအုပ်/မြေတိုင်း(၃)/လျှာထိုးစက်ကိုင်(၃)/ထွန်စက်မောင်း(၃)/ဒု-ပျားစခန်းတာဝန်ခံ/ဒု-မွေးမြူရေးမှူး/ငါးဖမ်းကျွမ်းကျင်(၃)/ဒု-နည်းပြ/ဒု-စာစဉ်မှူး/မူလတန်းကျောင်းအုပ်/အလယ်တန်းပြဆရာ/ကျန်းမာရေးမှူး(၃)/ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၃)/ဆေးစပ်(၃)/သူနာပြု(၃)/ပိုးမွှားလက်ထောက်(၃)/စာပေလက်ထောက်(၃)/ပုံနှိပ်ကျွမ်းကျင်(၃)/စာကြည့်တိုက်လက်ထောက်(၃)/ဓာတ်ပုံကျွမ်းကျင်(၃)/အသံလွှင့်ကျွမ်းကျင်(၃)/ရုပ်သံကျွမ်းကျင်(၃)/အနုပညာရှင်(၃)/ရိုးရာပန်းပညာရှင်(၃)/ပြတိုက်လက်ထောက်(၃)/လူမှုဝန်ထမ်း(၃)/ဒု-လူဝင်မှုကြီးကြပ်ရေးမှူး/သာသနာရေးလက်ထောက် (၃)/ဒု-စုံစမ်းရေးမှူး/ဈေးခေါင်း(၃)/ရဲတပ်ကြပ်ကြီး/ထောင်မှူး/စကားပြန်(၃)/စစ်ဆေးရေးမှူး(၃)/စိစစ်ရေးမှူး(၃)/မော်ကွန်းထိန်းလက်ထောက်(၃)/ဖြန့်ဖြူးရေး(၃)/ကျွမ်းကျင်(၃)/ဒု-ထိန်းသိမ်းရေးမှူး/ဒု-အကောက်ခွန်မှူး/ လ/ထစာရင်းအင်းမှူး/ဗီဒီယိုကျွမ်းကျင်(၃)/ဒု-ဆေးလူမှု ဆက်ဆံရေးမှူး/ မှတ်တမ်းထိန်း | ၉၃၀၀၀-၁၀၀၀-၉၈၀၀၀ |
| ၁၁ | ဒု-လက်ထောက်ဦးစီးမှူး/ဒု-လက်ထောက်ကြီးကြပ်ရေးမှူး/အငယ်တန်းစာရေး/အငယ်တန်းလက်နှိပ်စက်ရိုက်/စာရင်းကိုင်(၄)/စာရင်းစစ်(၄)/ငွေကိုင်(၄)/ပစ္စည်းထိန်း(၄)/လုံခြုံရေး(၄)/မီးသတ်တပ်ကြပ်ကြီး/စာကူးစက်လှည့်/ယန္တရားမောင်း(၄)/စက်မောင်း(၄)/လျှပ်စစ်ကျွမ်းကျင်(၄)/အီလက်ထရောနစ်ကျွမ်းကျင်(၄)/ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး/ဒု-လ/ထကွန်ပျူတာစီစဉ်ရေးမှူး/ဒု-လ/ထစနစ်သရုပ်ခွဲမှူး/စက်မှုစီမံရေး(၄)/စက်မှုကျွမ်းကျင်(၄)/ထုတ်လုပ်ရေးကျွမ်းကျင်(၄)/လက်မှုကျွမ်းကျင်(၄)/ဂဟေဆက်(၄)/သုတေသနလက်ထောက်(၄)/ဓာတ်ခွဲခန်းကျွမ်းကျင်(၄)/ရေယာဉ်အုပ်(၄)/စက်ခန်းအုပ်(၄)/တက်မကိုင်(၄)/(ပဲ့ချိတ်/ပဲ့ထောင်မောင်း)/သင်္ဘောသား(၄)/ရေငုပ်(၄)/တိုင်းထွာရေး(၄)/ဒု-ရုံပိုင်/စက်ခေါင်းမောင်း(၄)/ဆက်သွယ်ရေး(၄)/ယဉ်မောင်းစက်ပြင်(၄)/ယာဉ်မောင်း(၄)/ရေနံကျွမ်းကျင်(၄)/ဘူမိဗေဒလက်ထောက်(၄)/သတ္တုတွင်းလက်ထောက်(၄)/သတ္တုဗေဒလ/ထ(၄)/ဘူမိရူပဗေဒလက်ထောက်(၄)/ဘူမိဓာတုဗေဒလက်ထောက်(၄)/အငယ်တန်းအင်ဂျင်နီယာ(၄)/ပုံဆွဲ(၄)/ပုံထုတ်(၄)/ခန့်မှန်း(၄)/လက်သမား(၄)/ပန်းရန်(၄)/အရောင်း(၄)/စားဖိုမှူး(၄)/စားပွဲထိုး(၄)/ဧည့်ကြို(၄)/မုန့်ဖုတ်(၄)/ဧည့်လမ်းညွှန်(၄)/မျက်မှန်ကျွမ်းကျင်(၄)/သားခုတ်(၄)/အဝတ်လျှော်(၄)/အခမ်းအနားပြင်(၄)/စက်ချုပ်(၄)/အခန်းထိန်း(၄)/ချောင်းခေါင်း/ဆင်ဦးစီး/ဖောင်ထိန်း/လွှသွေး(၄)/ဓားသွေး(၄)/သစ်စစ်(၄)/သစ်စာရင်းကိုင်(၄)/လက်ထောက်လွှစက်မောင်း/သစ်ပေါင်း(၄)/သစ်ရွေး(၄)/ပစ္စည်းရွေး(၄)/ဘွိုင်လာထိန်း(၄)/တောခေါင်း/တိရစ္ဆာန်ထိန်း(၄)/မြေတိုင်း(၄)/လျှာထိုးစက်ကိုင်(၄)/ထွန်စက်မောင်း(၄)/ဆည်စောင့်/ဥယျာဉ်မှူး/လက်ထောက်မွေးမြူရေးမှူး/လက်ထောက်ပျားစခန်းတာဝန်ခံ/ငါးဖမ်းကျွမ်းကျင်(၄)/လက်ထောက်နည်းပြ/လက်ထောက်စာစဉ်မှူး/မူလတန်းပြဆရာ/ | ၈၇၀၀၀-၁၀၀၀-၉၂၀၀၀ |

## လစာနှုန်းထားအလိုက် အသစ်ပြောင်းလဲသတ်မှတ်သည့် ရာထူးအခေါ်အဝေါ်များ

| စဉ် | အသစ်ထပ်မံသတ်မှတ်ထားသည့် အဆင့်(၁၃)ဆင့်၏ ရာထူးအခေါ်အဝေါ်များ | လစာနှုန်း (ကျပ်) |
|---|---|---|
| | ကျန်းမာရေးမှူး(၄)/ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၄)/ဆေးစပ်(၄)/သူနာပြု(၄)/ပို့မွှား လ/ထ(၄)/ပုံနှိပ်ကျွမ်းကျင်(၄)/စာပေလက်ထောက်(၄)/စာကြည့်တိုက်လက်ထောက်(၄)/ ဓာတ်ပုံကျွမ်းကျင်(၄)/အသံလွှင့်ကျွမ်းကျင်(၄)/ရုပ်သံကျွမ်းကျင်(၄)/အနုပညာရှင်(၄)/ ရိုးရာပန်းပညာရှင်(၄)/ပြတိုက်လက်ထောက်(၄)/လူမှုဝန်ထမ်း(၄)/သာသနာရေး လက်ထောက်(၄)/လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး/ လက်ထောက်စုံစမ်းရေးမှူး/ လက်ထောက်ထောင်မှူး/အကျဉ်းထောင်တပ်ကြပ်ကြီး/ဈေးခေါင်း(၄)/စည်ပင်သာယာ လုပ်သား(၁)/တိရစ္ဆာန်ထောင်မှူး/စကားပြန်(၄)/ရဲတပ်ကြပ်/စစ်ဆေးရေးမှူး(၄)/ စိစစ်ရေးမှူး(၄)/လက်ထောက်ထိန်းသိမ်းရေးမှူး/မော်ကွန်းထိန်းလက်ထောက်(၄)/ လက်ထောက်အကောက်ခွန်မှူး/ သိုလှောင်ရုံမှူး(၄)/ဖြန့်ဖြူးရေး(၄)/ကျွမ်းကျင်(၄)/ ဗီဒီယိုကျွမ်းကျင်(၄) | ၈၇၀၀၀-၁၀၀၀-၉၂၀၀၀ |
| ၁၂ | ပစ္စည်းထိန်း(၅)/လုံခြုံရေး(၅)/မီးသတ်တပ်ကြပ်/(ရုံးအကူမှူး/စာပို့စာလက်ခံ)/ (စာတွဲထိန်း/အမှုတွဲထိန်း)/လုပ်သားမှူး/စာကူးစက်လှည့်အကူ/သန့်ရှင်းရေး/ ယန္တရားမောင်း(၅)/ယာဉ်မောင်းစက်ပြင်(၅)/ယာဉ်မောင်း(၅)/စက်မောင်း(၅)/လျှပ်စစ် ကျွမ်းကျင်(၅)/အီလက်ထရောနစ်ကျွမ်းကျင်(၅)/စက်မှုစီမံရေး(၅)/ထုတ်လုပ်ရေး ကျွမ်းကျင်(၅)/လက်မှုကျွမ်းကျင်(၅)/စက်မှုကျွမ်းကျင်(၅)/ဂဟေဆက်(၅)/သုတေသန လက်ထောက်(၅)/ဓာတ်ခွဲခန်းကျွမ်းကျင်(၅)/ရေယာဉ်အုပ်(၅)/စက်ခန်းအုပ်(၅)/ တက်မကိုင်(၅)/(ပွဲချိတ်/ပွဲထောင်မောင်းလက်ထောက်)/သင်္ဘောသား(၅)/ရေငုပ်(၅)/ ဆက်သွယ်ရေး(၅)/တိုင်းထွာရေး(၅)/လက်ထောက်ရုံပိုင်/စက်ခေါင်းမောင်း(၅)/ရေနံ ကျွမ်းကျင်(၅)/ဘူမိဗေဒလက်ထောက်(၅)/သတ္တုတွင်း လက်ထောက်(၅)/သတ္တုဗေဒ လ/ထ(၅)/ဘူမိရူပဗေဒလ/ထ(၅)/ဘူမိဓာတုဗေဒလ/ထ(၅)/ပုံဆွဲ(၅)/ပုံထုတ် (၅)/ခန့်မှန်း(၅)/လက်သမား(၅)/ပန်းရန်(၅)/အရောင်း(၅)/(ကုန်မှတ်/ကုန်ချိန်) စားဖိုမှူး(၅)/စားပွဲထိုး(၅)/ဧည့်ကြို(၅)/မုန့်ဖုတ်(၅)/ဧည့်လမ်းညွှန်(၅)/မျက်မှန် ကျွမ်းကျင်(၅)/သားခုတ်(၅)/အဝတ်လျှော်(၅)/အခမ်းအနားပြင်(၅)/စက်ချုပ်(၅)/ အခန်းထိန်း(၅)/ဆင်ပွဲချိတ်လှံကိုင်/ဝိုင်းဆရာ/ဖောင်ထိန်းအကူ/လွှသွေး(၅)/ ဓားသွေး(၅)/သစ်စစ်(၅)/သစ်စာရင်းကိုင်(၅)/သစ်ပေါင်း(၅)/သစ်ရွေး(၅)/ ပစ္စည်းရွေး(၅)/ပို့မွှားလက်ထောက်(၅)/ဘွိုင်လာထိန်း(၅)/တောကြပ်/တိရစ္ဆာန်ထိန်း(၅)/ မြေတိုင်း(၅)/လှျာထိုးစက်ကိုင်(၅)/ထွန်စက်မောင်း(၅)/ဆည်စောင့်အကူ/ရုပ်လုံးသွင်း/ ငါးဖမ်းကျွမ်းကျင်(၅)/ကျန်းမာရေးမှူး(၅)/ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၅)/ ဆေးစပ်(၅)/သူနာပြု(၅)/ပုံနှိပ်ကျွမ်းကျင်(၅)/စာပေလက်ထောက်(၅)/စာကြည့်တိုက် လ/ထ(၅)/ဓာတ်ပုံကျွမ်းကျင်(၅)/အသံလွှင့်ကျွမ်းကျင်(၅)/ရုပ်သံကျွမ်းကျင်(၅)/ အနုပညာရှင် (၅)/ရိုးရာပန်းပညာရှင်(၅)/ပြတိုက်လက်ထောက်(၅)/ဈေးခေါင်း(၅)/ လူမှုဝန်ထမ်း (၅)/အကျဉ်းထောင်တပ်ကြပ်/အကျဉ်းထောင်ဒု-တပ်ကြပ်/ပြေစာရေး/ စည်ပင်သာယာလုပ်သား(၂)/လက်ထောက်တိရစ္ဆာန်ထောင်မှူး/အခွန်ကောက်/ စကားပြန်(၅)/ရဲဒုတပ်ကြပ်/စစ်ဆေးရေးမှူး(၅)/စိစစ်ရေးမှူး(၅)/မော်ကွန်းထိန်း လက်ထောက်(၅)/ဒု-လက်ထောက်အကောက်ခွန်မှူး/ဖြန့်ဖြူးရေး(၅)/စာရင်းကိုင် (၅)/ဗီဒီယိုကျွမ်းကျင်(၅)/ကျွမ်းကျင်(၅) | ၈၁၀၀၀-၁၀၀၀-၈၆၀၀၀ |
| ၁၃ | အစောင့်/မီးသတ်တပ်သား/(ရုံးအကူ/စာပို့)/လုပ်သား/သန့်ရှင်းရေးအကူ/ လုပ်သား(ပွဲချိတ်၊ ပွဲထောင်)/သင်္ဘောသားအကူ/အကျဉ်းထောင်တပ်သား/စည်ပင် သာယာလုပ်သား(၃)/ရဲတပ်သား/အကောက်ခွန်ထိန်း | ၇၅၀၀၀-၁၀၀၀-၈၀၀၀၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက် )

**မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြု လက်မှတ်ရေးထိုးသော **မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) မြေသြဇာဥပဒေတွင်ပါရှိသော “မန်နေဂျာ” ဆိုသည့်စကားရပ်ကို “ဦးစီးမှူး” ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) မြေသြဇာဥပဒေတွင်ပါရှိသော “စစ်ဆေးရေးမှူး” ဆိုသည့်စကားရပ်ကို “စစ်ဆေးရေးအဖွဲ့” ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) မြေသြဇာဥပဒေတွင်ပါရှိသော “မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း” ဆိုသည့်စကားရပ်ကို “စိုက်ပျိုးရေး ဦးစီးဌာန” ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဃ) ပုဒ်မ ၄၊ ပုဒ်မခွဲ (က) တွင်ပါရှိသော “ဦးဆောင်ညွှန်ကြားရေးမှူး” ဆိုသည့်စကားရပ်ကို “ညွှန်ကြားရေးမှူးချုပ်” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြေသြဇာဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(င) **စံချိန်စံညွှန်း**ဆိုသည်မှာ သက်ဆိုင်ရာမြေသြဇာတွင် ပါဝင်ရမည့် အပင်အာဟာရဓာတ် သို့မဟုတ် အခြားလိုအပ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ မြေသြဇာကော်မတီကသတ်မှတ်သော အနည်းဆုံးပါဝင်ရမည့် အချိုးအစားနှင့်အရည်အသွေးစံသတ်မှတ်ချက်ကို ဆိုသည်။”

(ခ) ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဍ) **လိုင်စင်**ဆိုသည်မှာ မြေသြဇာကိုစီးပွားရေးအလို့ငှာသိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်းဤဥပဒေအရ ထုတ်ပေးသောခွင့်ပြုချက်ကို ဆိုသည်။”

(ဂ) ပုဒ်မခွဲ (ဏ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဏ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ပုဒ်မ ၂၂ အရ စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။"

၄။ မြေဩဇာဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ကိုအောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) မြေဩဇာ၏ စံချိန်စံညွှန်းကိုသတ်မှတ်ခြင်း၊ စစ်ဆေးရေးအဖွဲ့က တင်ပြလာသော မြေဩဇာ နမူနာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်နှင့်စပ်လျဉ်း၍ မြေဩဇာစံချိန်စံညွှန်းနှင့်ညီ မညီအဆုံးအဖြတ် ပေးခြင်း၊"

၅။ မြေဩဇာဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်း အစားထိုးရမည် -

"(က) မြေဩဇာကို စီးပွားရေးအလို့ငှာ သိုလှောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။"

၆။ မြေဩဇာဥပဒေ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၆။ မြေဩဇာလုပ်ငန်းလုပ်ကိုင်သူသည် မြေဩဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့်ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(က) တင်သွင်း၊ ထုတ်လုပ်မှတ်ပုံတင်လက်မှတ်အမှတ်၊

(ခ) အမှတ်တံဆိပ်၊

(ဂ) မြေဩဇာ၏ အသားတင်အလေးချိန်၊

(ဃ) အရည်အသွေး အာမခံချက်၊

(င) မြေဩဇာတွင် ပါဝင်သည့် အပင်အာဟာရဓာတ် ရာခိုင်နှုန်း၊

(စ) ထုတ်လုပ်သည့်ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သိုလှောင်ထားရှိရမည့်နည်းစနစ်၊

(ဆ) မြန်မာဘာသာဖြင့် ဖော်ပြထားသော သုံးစွဲရန် အညွှန်းစာနှင့် သတိပြုရန်အချက်များ။"

၇။ မြေဩဇာဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၇။ လိုင်စင်ရရှိသူသည် ပုဒ်မ ၁၆ ပါ အချက်များဖော်ပြထားသော မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မြေဩဇာကိုသာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုရမည်။"

၈။ မြေဩဇာဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မြေဩဇာသိုလှောင်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းကိုဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီအနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍သတ်မှတ်ချက် များနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။"

၉။ မြေဩဇာဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၂။ စိုက်ပျိုးရေးဦးစီးဌာနသည် ဤဥပဒေပါ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် -

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် -

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေအသုံးချရေးတာဝန်ခံ အဖွဲ့ခေါင်းဆောင်

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးကတာဝန်ပေးအပ်သော အဖွဲ့ဝင်များ ဝန်ထမ်းနှစ်ဦး

(ခ) ခရိုင်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် -

(၁) ခရိုင်မြေအသုံးချရေးတာဝန်ခံ — အဖွဲ့ခေါင်းဆောင်

(၂) ခရိုင်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး — အဖွဲ့ဝင်များ

(ဂ) မြို့နယ်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် -

(၁) မြို့နယ်ဦးစီးမှူး — အဖွဲ့ခေါင်းဆောင်

(၂) မြို့နယ်ဦးစီးမှူးက တာဝန်ပေးအပ်သောဝန်ထမ်းနှစ်ဦး — အဖွဲ့ဝင်များ”

၁၀။ မြေသြဇာဥပဒေ ပုဒ်မ ၂၃ တွင် -

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ခ) မြေသြဇာကိုစံချိန်စံညွှန်းနှင့် ညီမညီ စစ်ဆေးရန် မြေသြဇာနမူနာကိုရယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်တို့ကို မြေအသုံးချရေးဌာနခွဲသို့ ဆက်လက်တင်ပြခြင်း၊”

(ခ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မြေသြဇာကော်မတီသို့ တင်ပြခြင်း၊”

၁၁။ မြေသြဇာဥပဒေ ပုဒ်မ ၂၆ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၁၅ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊”

(ခ) ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၁၂။ မြေသြဇာဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနက ချမှတ်သည့် အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ မြေသြဇာကော်မတီသို့အယူခံနိုင်သည်။”

၁၃။ မြေသြဇာဥပဒေပုဒ်မ ၃၂ တွင်ပါရှိသော “ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း” ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၄။ မြေသြဇာဥပဒေပုဒ်မ ၃၆ တွင်ပါရှိသော “ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၅၀၀၀၀ အထိဖြစ်စေ၊” ဆိုသည့်စကားရပ်ကို “ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀ သိန်းအထိဖြစ်စေ၊” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြေသြဇာဥပဒေပုဒ်မ ၃၇ တွင်ပါရှိသော “ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊” ဆိုသည့်စကားရပ်ကို “ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်ငါးသိန်းအထိဖြစ်စေ၊” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက် )

**မြေနှင့်အခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြု လက်မှတ်ရေးထိုးသော **မြေနှင့်အခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**မြေနှင့်အခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆ ။)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြေနှင့်အခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြေနှင့်အခွန်အက်ဥပဒေပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၈-က၊ ပုဒ်မခွဲ (၃) တို့ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် )

**၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီက အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် **"၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ**

**ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၂ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

## ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)
## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) တွင် ပါရှိသော "ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊" ဆိုသည့်စကားရပ်နောက်တွင် "ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့် အဖွဲ့အစည်းများကိုလည်းကောင်း၊" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ည) ကို ပယ်ဖျက်ရမည်။

၄။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဋ) ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(ဋ) **အမျိုးသားလွှတ်တော်ရုံး**ဆိုသည်မှာ အမျိုးသားလွှတ်တော်၏ ရုံးလုပ်ငန်းနှင့်အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ကြီးကြပ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရုံးကိုဆိုသည်။"

၅။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၄။ လွှတ်တော်၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ ပြည်သူ့လွှတ်တော်၏သက်တမ်းကုန်ဆုံးသောနေ့တွင် လွှတ်တော်၏သက်တမ်းသည်လည်းကုန်ဆုံးသည်။"

၆။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ည) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ည) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာလိုသော ပြည်သူများအား ဥက္ကဋ္ဌ၏ ကြိုတင်သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။"

၇။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) တွင်ပါရှိသော "တရားရုံးတစ်ခုခုက" ဆိုသည့်စကားရပ်ကို "တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုတစ်ခုခုက" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ တွင်ပါရှိသော "နယ်မြေဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ" ဆိုသည့် စကားရပ်ကို "ဥပဒေနှင့်အညီ" ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၉။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ မှ ပုဒ်မ ၁၉ အထိသက်ဆိုင်သော "တာဝန်ထမ်းဆောင်ခြင်း" ခေါင်းစဉ်ကို "တာဝန်ထမ်းဆောင်ခြင်းနှင့်နုတ်ထွက်ခြင်း" ဆိုသည့်ခေါင်းစဉ်ဖြင့်အစားထိုးရမည်။

၁၀။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၇။ (က) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမအစည်းအဝေးစတင်မကျင်းပမီ အချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်။

(ခ) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များသည် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများတွင် သတ်မှတ်သည့်အတိုင်း ဖြစ်သည်။"

၁၁။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ ၏နောက်တွင် ပုဒ်မ ၁၉-ကကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၉-က။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် မိမိဆန္ဒအလျောက် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယ ဥက္ကဋ္ဌ တာဝန်မှ နုတ်ထွက်လိုလျှင် လွှတ်တော်၏ ခွင့်ပြုချက်ကို ရယူရမည်။ လွှတ်တော်က နုတ်ထွက်ခွင့်ပြုပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ခွင့်ရှိသည်။"

၁၂။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၄။ (က) လွှတ်တော်သက်တမ်းစတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်းစတင်သည့် နေ့ရက်ဖြစ်သည်။

(ခ) လွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့် နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်။"

၁၃။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၈။ (က) လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုရန် လွှတ်တော်က လွှတ်တော်အခွင့်အရေးကော်မတီ မဖွဲ့စည်းရသေးမီ ဥက္ကဋ္ဌသည် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတစ်ရပ်ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။

(ခ) လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးချိန်မှစ၍ ယင်းကော်မတီသည် လွှတ်တော် သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက် လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်၍ အတည်ပြုရမည်။"

၁၄။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ ကို ပယ်ဖျက်ရမည်။

၁၅။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေတွင် -

(က) ပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ တို့၌ ပါရှိသော "အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့်စကားရပ်များကို "ဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မ ၄၇ ၌ပါရှိသော "အခြားပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့်စကားရပ်ကို "ပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ(င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့်အဖွဲ့များက လုပ်ငန်းတာဝန်နှင့် ဆက်စပ်သောကိစ္စ အတွက် ဆွေးနွေးတင်ပြရန် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများကို တိုက်ရိုက် ဖိတ်ကြားပါက လာရောက်ရှင်းလင်းဖြေကြားရမည်။"

၁၇။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၀ ၏ နောက်တွင် ပုဒ်မ ၅၀-က နှင့် သက်ဆိုင်သည့် ခေါင်းစဉ်နှင့် ပုဒ်မ ၅၀-က တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"ဥက္ကဋ္ဌ၏ အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်ခြင်း**

၅၀-က။ လွှတ်တော်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၄ အရ ဥက္ကဋ္ဌက ကြီးကြပ် ကွပ်ကဲရာတွင် ယင်း၏အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်။"

၁၈။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၇ တွင်ပါရှိသော "လွှတ်တော်ရုံး"ဆိုသည့် စကားရပ်များကို "အမျိုးသားလွှတ်တော်ရုံး" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၉။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၂ ၏နောက်တွင် ပုဒ်မ ၆၂-က နှင့် ပုဒ်မ ၆၂-ခ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၆၂-က။ လွှတ်တော်ကိုယ်စားလှယ်များအပေါ် ပြည်သူတို့၏ တိုင်ကြားစာလက်ခံရရှိပါက ဥက္ကဋ္ဌသည် လွှတ်တော်အခွင့်အရေးကော်မတီကို လွှဲအပ်စုံစမ်းစေရမည်။ လွှတ်တော်အခွင့်အရေး ကော်မတီက သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်သည် ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက် ကြောင်းတွေ့ရှိလျှင် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရန် တိုင်ကြားစာကို သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရမည်။

၆၂-ခ။ လွှတ်တော်ကိုယ်စားလှယ်များသည် နောင်လာမည့် သက်တမ်းအတွက် ရွေးကောက်ပွဲတွင် ရှုံးနိမ့်စေကာမူ သို့မဟုတ် ရွေးကောက်ပွဲမဝင်ရောက်စေကာမူ လက်ရှိလွှတ်တော်သက်တမ်း ကုန်ဆုံးသည့်နေ့အထိ လွှတ်တော်အစည်းအဝေးများကို တက်ရောက်ရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက် )

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၅) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေက အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် **"အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၂ အရထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

## အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု**ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (တ) ၏ နောက်တွင် ပုဒ်မခွဲ (ထ)နှင့် (ဒ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ထ) **မဲအများဆုံးရသူအနိုင်ယူစနစ်**ဆိုသည်မှာ မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက်အရွေးခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် မဲဆန္ဒရှင်များထံမှ မဲအများဆုံးရရှိသူကို အဆိုပါ မဲဆန္ဒနယ်တွင် ရွေးကောက်တင်မြှောက်ခံရသူအဖြစ် သတ်မှတ်သောစနစ်ကို ဆိုသည်။

(ဒ) **အချိုးကျကိုယ်စားပြုစနစ်**ဆိုသည်မှာ ရွေးကောက်ပွဲမဲဆန္ဒနယ်ကို ကျယ်ပြန့်စွာသတ်မှတ်ပြီး ပါဝင်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီအလိုက်နှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီအလိုက်ရရှိသည့် ခိုင်လုံသော ထောက်ခံဆန္ဒမဲစုစုပေါင်းကို ရာခိုင်နှုန်းတွက်ချက်အချိုးချ၍ ရွေးကောက်တင်မြှောက်သောစနစ်ကို ဆိုသည်။"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ ကော်မရှင်သည် မဲဆန္ဒနယ်များကို သတ်မှတ်ရာတွင် -

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၌ -

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးကို မဲဆန္ဒနယ်တစ်နယ်စီအဖြစ် သတ်မှတ်ရမည်။

(၂) စစ်ကိုင်းတိုင်းဒေသကြီးတွင် ပုဒ်မခွဲငယ်(၁) အရ သတ်မှတ်ပြီးနောက် ကျန်ရှိသောဒေသ၌ မဲဆန္ဒရှင်အရေအတွက် တတ်နိုင်သမျှတူညီသော မဲဆန္ဒနယ် လေးနယ်သတ်မှတ်ရမည်။

(၃) ရှမ်းပြည်နယ်တွင် ပုဒ်မခွဲငယ် (၁) အရ သတ်မှတ်ပြီးနောက် ကျန်ရှိသောဒေသ၌ မဲဆန္ဒရှင်အရေအတွက် တတ်နိုင်သမျှတူညီသော မဲဆန္ဒနယ်နှစ်နယ်သတ်မှတ်ရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီး၌ မဲဆန္ဒရှင် အရေအတွက် တတ်နိုင်သမျှတူညီသော မဲဆန္ဒနယ်လေးနယ်စီ သတ်မှတ်ရမည်။

(ဂ) လွှတ်တော်သက်တမ်းတစ်ရပ်အတွက်သတ်မှတ်ထားသော လွှတ်တော်မဲဆန္ဒနယ်တစ်နယ်အတွင်း ကျရောက်သည့် နယ်မြေတစ်ခုခုကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပါက ယင်းနယ်မြေသည် မူလသတ်မှတ်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ လွှတ်တော်မဲဆန္ဒနယ်အတွင်း၌သာ ပါဝင်သည်ဟု မှတ်ယူရမည်။"

၄။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူ၊"

၅။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေတွင်ပုဒ်မ ၂၂ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၂၂။ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်အရွေးခံမည့်သူများအတွက် နိုင်ငံရေးပါတီကဖြစ်စေ၊ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း အမည်စာရင်းတင်သွင်းလွှာကို တင်သွင်းရမည်။"

၆။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၂၄၊ ၂၅ နှင့် ၂၆ တို့တွင် ပါရှိသော **"နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ"** ဆိုသည့်စကားရပ်ကို **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ"** ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၂၄၊ ၂၅၊ ၂၆၊ ၂၈ နှင့် ၂၉ တို့တွင် ပါရှိသော **"အမည်စာရင်းတင်သွင်းထားသူ"** ဆိုသည့်စကားရပ်ကို **"အမည်စာရင်းတင်သွင်းထားသည့် နိုင်ငံရေးပါတီ၏ ကိုယ်စားလှယ်နှင့် ပုဂ္ဂိုလ်တစ်ဦးဦး"** ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၈။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၇။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲကဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲကဖြစ်စေ ပုဒ်မ ၂၆ အရ ချမှတ်သောအမိန့်ကိုမကျေနပ်သူသည် ကော်မရှင်သို့အယူခံနိုင်သည်။

(ခ) ကော်မရှင်သည် ပုဒ်မခွဲ (က) အရ အယူခံမှုကိုစိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲကဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသကော်မရှင် အဖွဲ့ခွဲကဖြစ်စေ ချမှတ်သောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။"

၉။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၅။ အခန်း (၈) ပါ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များမှအပ လွှတ်တော်ကိုယ်စားလှယ်လောင်း များကို သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင်နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် မဲအများဆုံးရသူ အနိုင်ယူ စနစ်ဖြင့်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ အပ ကျန်ဒေသများတွင် အချိုးကျ ကိုယ်စားပြုစနစ်ဖြင့်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ရွေးကောက်ပွဲများကျင်းပရမည်။"

၁၀။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၁။ (က) မဲအများဆုံးရသူ အနိုင်ယူစနစ်ဖြင့် ရွေးကောက်ပွဲကျင်းပသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် -

(၁) မဲဆန္ဒနယ်တစ်နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းသာရှိလျှင် ယင်း မဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲကျင်းပခြင်းမပြုတော့ဘဲ ထိုပုဂ္ဂိုလ်အား လွှတ်တော် ကိုယ်စားလှယ်ဖြစ်ကြောင်း သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲကကြေညာရမည်။

(၂) မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ရှိခဲ့လျှင် မဲပုံးနှင့်ဆန္ဒမဲလက်မှတ်များကို နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့်အတိုင်း ပြုလုပ် စီစဉ်၍ ဆန္ဒမဲပေးစေရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှအပ အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်ပွဲကျင်းပသော ကျန်ဒေသများတွင် -

(၁) မဲဆန္ဒနယ်တစ်နယ်၌ ဝင်ရောက်အရွေးခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းမှာ သတ်မှတ်ထားသောဦးရေနှင့်အောက်ရှိလျှင် ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲ ကျင်းပခြင်းမပြုတော့ဘဲ ထိုပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များအား လွှတ်တော်ကိုယ်စားလှယ် ဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ကြေညာရမည်။

(၂) မဲဆန္ဒနယ်တစ်နယ်၌ ဝင်ရောက်အရွေးခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းမှာ သတ်မှတ်ထားသော ဦးရေထက်ပို၍ရှိခဲ့လျှင် မဲပုံးနှင့် ဆန္ဒမဲလက်မှတ်များကို နည်း ဥပဒေများဖြင့် သတ်မှတ်ထားသည့်အတိုင်း ပြုလုပ်စီစဉ်၍ ဆန္ဒမဲပေးစေရမည်။"

၁၁။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (ဃ) တွင်ပါရှိသော **"သက်ဆိုင်ရာ ဆန္ဒမဲစာရင်းဇယားများကို သတ်မှတ်ထားသည့်အတိုင်း လွှတ်တော်မဲဆန္ဒနယ်တစ်နယ်စီအတွက် ပေါင်းရုံးစုစည်းရမည်။"** ဆိုသည့်စကားရပ်ကို **"သက်ဆိုင်ရာဆန္ဒမဲစာရင်းဇယားများကို သတ်မှတ် ထားသည့်အတိုင်း လွှတ်တော်မဲဆန္ဒနယ်တစ်နယ်စီအတွက် ပေါင်းရုံးစုစည်း၍ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။　အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၉။ (က) မဲအများဆုံးရသူအနိုင်ယူစနစ်ဖြင့် ရွေးကောက်ပွဲကျင်းပသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် သတ်မှတ်ချက်များနှင့်အညီ ဆန္ဒမဲရေတွက်ခြင်းနှင့် အတည်ပြုကြေညာခြင်းတို့ ပြုလုပ်ရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်မည့် သတ်မှတ်ထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေထက်ပို၍ရှိခဲ့လျှင် ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ခိုင်လုံသောဆန္ဒမဲအရေအတွက်ကို ကြေညာနိုင်ရေးအတွက် တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း ပေးပို့ရမည်။

(ဂ) တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ်တစ်နယ်၌ အချိုးကျကိုယ်စားပြုစနစ်ဖြင့်ရွေးကောက်တင်မြှောက်ရာတွင် ပုဒ်မ ၃၊ ပုဒ်မခွဲ (က) ပါ အမျိုးသားလွှတ်တော်ဖွဲ့စည်းပုံနှင့်အညီ သတ်မှတ်ထားသော လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ကို နည်းဥပဒေများဖြင့် အသေးစိတ်သတ်မှတ်ထားသည့် ဆန္ဒမဲရာခိုင်နှုန်း အချိုးအစားအလိုက် ဆန္ဒမဲရရှိသော နိုင်ငံရေးပါတီ၏ လွှတ်တော်ကိုယ်စားလှယ်များကို ရရှိသော အချိုးကျဆန္ဒမဲအစီအစဉ်အတိုင်း ရွေးကောက်တင်မြှောက်ခြင်းခံရသူအဖြစ် သတ်မှတ်ကြေညာရမည်။

(ဃ) တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် ဆန္ဒမဲရရှိသော နိုင်ငံရေးပါတီ၏ လွှတ်တော်ကိုယ်စားလှယ်များကိုရရှိသော အချိုးကျဆန္ဒမဲအစီအစဉ်အတိုင်း ရွေးကောက်တင်မြှောက်ခြင်းခံရသူကိုလည်းကောင်း၊ ရရှိသော အချိုးကျဆန္ဒမဲအစီအစဉ်ရေတွက်ရာ၌ ကြွင်းကျန်သော ဆန္ဒမဲအရေအတွက် အများအနည်းအလိုက် အစီအစဉ်အရ ဆန္ဒမဲရရှိသော နိုင်ငံရေးပါတီ၏ လွှတ်တော်ကိုယ်စားလှယ်နှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်ကိုလည်းကောင်း အမည်စာရင်းကို ပြုစုထားရမည်။"

၁၃။　အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် အကြောင်းတစ်စုံတစ်ရာကြောင့် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်သည့်အခါ ထိုလစ်လပ်သောနေရာမှာ -

(က) နိုင်ငံရေးပါတီတစ်ခုခုမှ လွှတ်တော်ကိုယ်စားလှယ်နေရာဖြစ်ပါက ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ဃ)ပါ ကြွင်းကျန်သော ဆန္ဒမဲအရေအတွက်အများအနည်းအလိုက် အစီအစဉ်အရ ဆန္ဒမဲပိုမိုရရှိသော အဆိုပါ လစ်လပ်သည့်နိုင်ငံရေးပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းကို လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာရမည်။

(ခ) တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်နေရာဖြစ်ပါက ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ဃ) ပါကြွင်းကျန်သော ဆန္ဒမဲအရေအတွက် အများအနည်းအလိုက် အစီအစဉ်အရ ဆန္ဒမဲပိုမိုရရှိသော နိုင်ငံရေးပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းကိုဖြစ်စေ၊ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းကို ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

(၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်)

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှတ်စဉ် (၄/၂၀၁၅) ၏ သဘောတူညီချက်အရ ပြည်ထဲရေး

ဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ အရာထမ်း (၇) ဦးတို့အား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့ရက်မှစ၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသည့် ယှဉ်တွဲဖော်ပြပါ လစာနှုန်းတူ ရာထူးနေရာများသို့ ပြောင်းရွှေ့သွတ်သွင်းခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိရာထူး/လစာနှုန်း/ဌာန** | **ပြောင်းရွှေ့သွတ်သွင်းခန့်ထားမည့် ရာထူး/လစာနှုန်း/ဌာန** |
|---|---|---|---|
| (၁) | ဦးစိန်တင် | ဒုတိယညွှန်ကြားရေးမှူး (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ကယားပြည်နယ်ရုံး | ဒုတိယညွှန်ကြားရေးမှူး (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အမှုစစ်တရားစွဲဌာန အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး |
| (၂) | ဦးသန်းထွန်းမြင့် | လက်ထောက်ညွှန်ကြားရေးမှူး (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ကရင်ပြည်နယ်ရုံး | လက်ထောက်ညွှန်ကြားရေးမှူး (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) အမှုစစ်တရားစွဲဌာန အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး |
| (၃) | ဦးမောင်မောင်တင် | လက်ထောက်ညွှန်ကြားရေးမှူး (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး | လက်ထောက်ညွှန်ကြားရေးမှူး (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) အမှုစစ်တရားစွဲဌာန အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး |
| (၄) | ဦးမိုးနိုင် | ဦးစီးအရာရှိ (စုံစမ်းရေး) (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ကယားပြည်နယ်ရုံး | ဦးစီးအရာရှိ (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) အမှုစစ်တရားစွဲဌာန အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး |
| (၅) | ဦးအောင်ကြည်ဦး | ဦးစီးအရာရှိ (စုံစမ်းရေး) (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဥပဒေနှင့်အကျိုးဆောင်ဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဦးစီးအရာရှိ (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဥပဒေရေးရာဌာန အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး |
| (၆) | ဦးအောင်မြင့်ဖော် | ဦးစီးအရာရှိ (စုံစမ်းရေး) (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ရခိုင်ပြည်နယ်ရုံး | ဦးစီးအရာရှိ (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) အမှုစစ်တရားစွဲဌာန အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး |
| (၇) | ဦးအေးဝင်းအောင် | ဦးစီးအရာရှိ (စုံစမ်းရေး) (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ရခိုင်ပြည်နယ်ရုံး | ဦးစီးအရာရှိ (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) အမှုစစ်တရားစွဲဌာန အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး |

မြဝင်း
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

[ ယခင်အပတ် ကာကွယ်ရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သား များနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး နည်းဥပဒေများမှအဆက် ]

နောက်ဆက်တွဲ (ဃ)

သေဆုံး/ကျဆုံးသည့် စစ်သည်တစ်ဦး၏ ကျန်ရှိသည့် ဇနီး/ခင်ပွန်း၊ သားသမီးများနှင့် မိဘမဲ့မြေးတို့အတွက် အိမ်ထောင်စုဝင် အငြိမ်းစားလစာ/ကလေးစရိတ်/စွမ်းရည်ဘွဲ့ တံဆိပ်နှင့်ပတ်သက်၍ ချီးမြှင့်သော ထောက်ပံ့ကြေးငွေ လျှောက်ထားခြင်း။

၂

## သေဆုံး/ကျဆုံးသည့် စစ်သည်တစ်ဦး၏ ကျန်ရှိသည့် ဇနီး/ခင်ပွန်း၊ သားသမီးများနှင့် မိဘမဲ့မြေးတို့အတွက် အိမ်ထောင်စုဝင် အငြိမ်းစားလစာ/ကလေးစရိတ်/စွမ်းရည် ဘွဲ့တံဆိပ်နှင့် ပတ်သက်၍ ချီးမြှင့်သောထောက်ပံ့ကြေးငွေ လျှောက်ထားခြင်း

### ညွှန်ကြားချက်များ

၁။ ဤပုံစံကို ၃ စောင်ဖြည့်သွင်းရမည်။

၂။ ပုံစံအပိုင်း (၁) ကို တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံးတွင်ရှိသော စစ်မှုထမ်းနှင့်ပတ်သက်သည့် မှတ်တမ်းများမှ ကူးယူဖြည့်သွင်းပြီး ကျန်အပိုင်း (၂) နှင့် (၃) ကို အောက်ဖော်ပြပါ ဦးစားပေးအဆင့်အလိုက် အငြိမ်းစားလစာခံစားထိုက်သူက ဖြည့်သွင်းနိုင်ရန်အတွက် နီးစပ်ရာ တပ်ရင်း/အမွေခံထံပေးပို့ရမည် -

(က) ကျန်ရစ်သူ တရားဝင် ဇနီး/ခင်ပွန်း။

(ခ) တရားဝင်ဇနီး/ခင်ပွန်းမကျန်ရှိလျှင် အသက် (၁၈) နှစ်အောက်ရှိကြသော အိမ်ထောင်မပြုသေးသည့် သို့တည်းမဟုတ် အချိန်ပြည့် ပညာသင်ကြားနေကြသော သို့တည်းမဟုတ် စိတ်ချွတ်ယွင်းခြင်းကြောင့်သော်လည်းကောင်း၊ ကိုယ်ချည့်နဲ့ခြင်းကြောင့်သော်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းမှုကို မစွမ်းဆောင်နိုင်သော သားသမီးများ။

(ဂ) အထက်ပါ (ခ) နှင့် အကျုံးဝင်သူများမရှိလျှင် အိမ်ထောင်မပြုသေးသော သို့တည်းမဟုတ် မုဆိုးမဖြစ်နေသော သားသမီးများ။

(ဃ) အထက်ပါ (ဂ) နှင့် အကျုံးဝင်သူများမရှိလျှင် အသက် (၁၈) နှစ်အောက်ရှိကြသော မိဘမဲ့မြေးများ သို့တည်းမဟုတ် အချိန်ပြည့်ပညာသင်ကြားနေကြသော သို့တည်းမဟုတ် စိတ်ချွတ်ယွင်းခြင်းကြောင့်သော်လည်းကောင်း၊ ကိုယ်ချည့်နဲ့ခြင်းကြောင့်သော်လည်းကောင်း အသက်မွေးဝမ်းကျောင်းမှုကို မစွမ်းဆောင်နိုင်သည့် မိဘမဲ့မြေးများ။

(င) အထက်ပါ (ဃ) နှင့် အကျုံးဝင်သူများမကျန်ရှိလျှင် အထက်စာပိုဒ် (ခ) နှင့် (ဂ) တို့တွင် မပါဝင်သော အခြားသားသမီးများ။

**မှတ်ချက်။** သားသမီးများဟုဖော်ပြသည့် နေရာတိုင်းတွင် သားသမီးအရင်း/လင်ပါ/မယားပါ/ တရားဝင် မွေးစားသားသမီးများအားလုံးကို ဆိုလိုသည်။

### (လျှောက်ထားသူအတွက်)

၃။ လျှောက်ထားသူသည် စစ်သည်၏ ဇနီး/ခင်ပွန်းဖြစ်ပါက ပုံစံအပိုင်း (၂)၊ စာပိုဒ် (၁) နှင့် (၂) တွင် ပါရှိသော အချက်အလက်များကိုသော်လည်းကောင်း သို့တည်းမဟုတ် အရွယ်မရောက်သေးသော တရားဝင် မိဘမဲ့ကလေးများအတွက် အုပ်ထိန်းသူဖြစ်ပါက ပုံစံအပိုင်း (၂)၊ စာပိုဒ် (၃) နှင့် (၄) တွင် ပါရှိသော အချက်အလက်များကိုသော်လည်းကောင်း တစ်ခုမကျန် ပြည့်စုံစွာ ဖြည့်သွင်းပြီး အပိုင်း (၃) ပါအတိုင်း သက်ဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ဟုတ်မှန်ကြောင်း ထောက်ခံချက်ကို ရယူရမည်။

၃

(က) အကယ်၍ လျှောက်ထားသူသည် စစ်သည်၏ ဇနီး/ခင်ပွန်းဖြစ်သော်လည်း ၎င်း၏အမည်ကို တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံးတွင် မှတ်တမ်းတင်ထားသူ မဟုတ်ပါက လက်ထပ်စာချုပ်ကိုသော်လည်းကောင်း သို့တည်းမဟုတ် မြို့နယ်တရားရုံးတွင် ကျမ်းကျိန်ချက်ကိုသော်လည်းကောင်း ဖြည့်သွင်းပြီး လျှောက်လွှာပုံစံများနှင့် တစ်ပါတည်း ပူးတွဲပေးပို့ရမည်။

(ခ) ပုံစံပါညွှန်ကြားချက်စာပိုဒ် (ခ)၊ (ဃ) နှင့် အကျုံးဝင်သူများအတွက် အုပ်ထိန်းသူတစ်ဦးဦးက လျှောက်ထားခဲ့လျှင် မြို့နယ်တရားရုံးမှ အုပ်ထိန်းခြင်းလက်မှတ် (Guardianship Certificate) ကို ရယူ၍ ပူးတွဲတင်ပြရမည်။

၄။ ဤပုံစံများတွင် အပိုင်း (၂) နှင့် (၃) ကို မှန်ကန်စွာဖြည့်သွင်းပြီးနောက် နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံးသို့ ပြန်လည်ပေးပို့ရမည်။

၅။ အပိုင်း (၂) နှင့် (၃) ပါ အချက်များ မကိုက်ညီခဲ့လျှင် သို့မဟုတ် လိုအပ်သည့် အထောက်အထားများ မပြည့်စုံခဲ့လျှင် အဆိုပါအချက်များ ပြေလည်သည်အထိ သက်ဆိုင်သူတို့ထံ ပြန်လည်စုံစမ်းစစ်ဆေးရပါမည်။ လျှောက်ထားလာသည့် အငြိမ်းစားလစာကို စည်းမျဉ်းဥပဒေများနှင့်ကိုက်ညီမှသာ ခံစားခွင့်ရှိပါသည်။

၆။ ဤပုံစံများသည် အစိုးရစာရွက်စာတမ်းများဖြစ်၍ မမှန်ကန်သော အကြောင်းအရာများကို သိလျက်နှင့် ဖြေဆိုရေးသွင်းခြင်းပြုပါက တရားဥပဒေအရ ပြစ်မှုကျူးလွန်သဖြင့် အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သတိပြုစေလိုသည်။

---

## အပိုင်း (၁)

**(ဤအပိုင်းကို တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံးရှိ သေဆုံးသူစစ်သည်နှင့် ပတ်သက်သည့် မှတ်တမ်းများထဲမှ ကောက်နုတ်၍ တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံးက ဖြည့်သွင်းရမည်။)**

၁။ သေဆုံးသူစစ်သည်နှင့် ပတ်သက်သည့်အကြောင်းအရာများ -

(က) ကိုယ်ပိုင်အမှတ် ____________________

(ခ) အဆင့် ____________________

(ဂ) အမည် ____________________

(ဃ) လူမျိုး/ဘာသာ ____________________

(င) နောက်ဆုံးအမှုထမ်းသည့် တပ်/ဌာန ____________________

(စ) တပ်မတော်သို့ စတင်ဝင်ရောက်သည့် ရက်စွဲ ____________________

(ဆ) သေဆုံး/ကျဆုံးသော

(၁) ရက်စွဲ ____________________

(၂) အကြောင်းအရင်း ____________________

(ဇ) သေဆုံးသူသည် အငြိမ်းစားလစာရရှိနေသူ တစ်ဦးဖြစ်လျှင် ၎င်းရရှိခဲ့သည့် အငြိမ်းစားလစာထုတ်ခွင့်အမိန့်လွှာအမှတ်၊ အပိုင်းနှင့် အမှတ်စဉ်။ ____________________

(ဈ) သေဆုံးသူသည် စွမ်းရည်ဘွဲ့တံဆိပ်ရရှိသူ တစ်ဦးဖြစ်ပါကရရှိခဲ့သည့် ဘွဲ့တံဆိပ်အမျိုးအမည်၊ အမိန့်ပြန်တမ်းအမှတ်နှင့် ရက်စွဲ။ ____________________

၄

၂။ သေဆုံးသူ စစ်သည် ဇနီး/ခင်ပွန်းကျန်ရှိလျှင် -

(က) ဇနီး/ခင်ပွန်း၏အမည်____________________

(ခ) တရားဝင်လက်ထပ်သည့်ရက်စွဲ____________________

(ဂ) မွေးနေ့သက္ကရာဇ်____________________

(ဃ) လူမျိုး/ဘာသာ____________________

(င) နေရပ်လိပ်စာအပြည့်အစုံ____________________

၃။ သေဆုံးသူစစ်သည်၌ တရားဝင်သားသမီးများ ကျန်ရှိလျှင် -

| အမှတ်စဉ် | အမည် | ကျား/မ | မွေးနေ့သက္ကရာဇ် | သားသမီးအရင်း/မွေးစား/လင်ပါ/မယားပါ စသည်တို့ ခွဲခြားဖော်ပြရန် |
|---|---|---|---|---|
| ၁ | | | | |
| ၂ | | | | |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |

နေရာ၊____________________ (လက်မှတ်)____________________

ရက်စွဲ၊____________________

ဦးစီးအရာရှိ

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ မှတ်တမ်းဌာနခွဲ

## အပိုင်း (၂)

**(ဤအပိုင်းကို သေဆုံးသူစစ်သည်၏ ဇနီး/ခင်ပွန်း သို့တည်းမဟုတ် အရွယ်မရောက်သေးသော တရားဝင် မိဘမဲ့ကလေးများက ဖြည့်သွင်းရမည်။)**

၁။ လျှောက်ထားသူသည် သေဆုံးသူစစ်သည်၏ ဇနီး/ခင်ပွန်းဖြစ်လျှင် -

(က) ဇနီး/ခင်ပွန်းအမည် ____________________

(ခ) အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေး ____________________
ကတ်ပြားအမှတ် ____________________

(ဂ) လူမျိုး/ဘာသာ ____________________

(ဃ) သေဆုံးသူနှင့် တရားဝင် လက်ထပ်ခဲ့သည့် ရက်စွဲနှင့် ____________________
မည်သည့် ထုံးတမ်းစဉ်လာအရ လက်ထပ်သည်။ ____________________

၅

(င) နေရပ်လိပ်စာအပြည့်အစုံ -
(၁) အိမ်အမှတ် ____________
(၂) လမ်း ____________
(၃) ရပ်/ရွာ ____________
(၄) မြို့/မြို့နယ် ____________
(၅) ပြည်နယ်/တိုင်း ____________

(စ) စစ်မှုထမ်းသေဆုံးပြီးနောက် ထပ်၍အိမ်ထောင်သစ် ပြု/မပြု (ပြုလျှင် အိမ်ထောင်သစ်ပြုသည့်ရက်စွဲကို ဖော်ပြပါ။) ____________

(ဆ) သင်သည် ဝင်ငွေရ အလုပ် လုပ်ကိုင်ပါက အလုပ် အကိုင် အမျိုးအစားနှင့် လစဉ်ဝင်ငွေကိုဖော်ပြပါ။ ____________

(ဇ) ယခုလျှောက်ထားချိန်တွင် အခြားအငြိမ်းစားလစာ ရရှိနေလျှင် -
(၁) အငြိမ်းစားလစာ မည်မျှရရှိသည် ____________
(၂) ယာယီတိုးမြှင့်ငွေ/ယာယီဆောင်းငွေ ____________
(၃) ယာယီရှားပါးစရိတ် ____________
(၄) စတင်ရရှိသည့်ရက်စွဲ ____________
(၅) မည်သည့်ဌာနမှ ရရှိသည် ____________
(၆) မည်သည့်ဘဏ်မှ ထုတ်ယူနေသည် ____________
(၇) အငြိမ်းစားလစာခွင့်ပြုသည့် အမိန့်နှင့်ရက်စွဲ ____________

(ဈ) အိမ်ထောင်စုဝင် အငြိမ်းစားလစာကို ထုတ်ယူ သည့်ဘဏ် (အမွေခံ အမြဲတမ်းနေထိုင်သည့် နေရပ်လိပ်စာနှင့် အနီးဆုံးဘဏ်ဖြစ်ရမည်။) ____________

၂။ လျှောက်ထားသူ ဇနီး/ခင်ပွန်းအပြင် စစ်သည်၌ တရားဝင်ကလေးများကျန်ရှိလျှင် အိမ်ထောင်မပြုသေးသော ကလေးတစ်ဦး၏ အကြောင်းအရာ (အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သော်လည်း ကျောင်းတွင် အချိန်ပြည့်ပညာသင်ကြားနေသော ကလေးများနှင့် ကိုယ်စိတ်ချို့ယွင်းခြင်းကြောင့် မိမိအသက်မွေးဝမ်းကျောင်းမှုကို မစွမ်းဆောင်နိုင်သော ကလေးများရှိလျှင် ထည့်သွင်းဖော်ပြပါ။)

| အမှတ်စဉ် | အမည် | ကျား/မ | မွေးနေ့သက္ကရာဇ် | သားသမီးအရင်း/လင်ပါ/မယားပါ/မွေးစား ခွဲခြားဖော်ပြပါ | အိမ်ထောင် ရှိ/မရှိ | လစာရအလုပ်လုပ်ကိုင်ခြင်း ရှိ/မရှိ |
|---|---|---|---|---|---|---|
| ၁ | | | | | | |
| ၂ | | | | | | |
| ၃ | | | | | | |
| ၄ | | | | | | |
| ၅ | | | | | | |
| ၆ | | | | | | |
| ၇ | | | | | | |

၆

(က) ယခုလျှောက်ထားချိန်တွင် ကလေးများသည် အခြားအငြိမ်းစားလစာ သို့မဟုတ် ကလေးစရိတ် ရရှိခြင်း ရှိ/မရှိ။ ______

(ခ) ရရှိနေလျှင် - ______

(၁) အငြိမ်းစားလစာ/ကလေးစရိတ် မည်မျှရရှိသည် ______

(၂) ယာယီတိုးမြှင့်ငွေ/ယာယီဆောင်းငွေ ______

(၃) ယာယီရှားပါးစရိတ် ______

(၄) စတင်ရရှိသည့်ရက်စွဲ ______

(၅) မည်သည့်ဌာနမှ ရရှိသည် ______

(၆) မည်သည့်ဘဏ်မှ ထုတ်ယူနေသည် ______

(၇) အငြိမ်းစားလစာထုတ်ယူခွင့်ပြုသည့် အမိန့်နှင့်ရက်စွဲ ______

**မှတ်ချက်။** (၁) အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သော်လည်း ကျောင်းတွင် ပညာဆက်လက်သင်ကြားနေသော ကလေးများအတွက် ကလေးစရိတ်နှင့်ပတ်သက်၍ အချိန်ပြည့် ပညာသင်ကြားနေကြောင်း သက်ဆိုင်ရာကျောင်းအုပ်/ကျောင်းဆရာကြီးထံမှ ထောက်ခံစာကို ပူးတွဲတင်ပြရမည်။

(၂) မွေးစားသား/သမီးများအတွက် တရားဝင်မွေးစားသော စာချုပ်စာတမ်းများ တင်ပြရမည်။

(၃) မှတ်တမ်းမဝင်သော သား၊ သမီးများ၏ မွေးနေ့၊ ခုနှစ်သက္ကရာဇ်နှင့်ပတ်သက်၍ မွေးဖွားစာရင်း သို့တည်းမဟုတ် ကျောင်းတွင် မှတ်တမ်းတင်သည့် မွေးနေ့သက္ကရာဇ်ကို ကျောင်းအုပ်/ကျောင်းဆရာကြီးထံမှ ထောက်ခံချက်ရယူကာ ပူးတွဲတင်ပြရမည်။

(၄) အကယ်၍ လျှောက်ထားသူ၏ ဇနီးမုဆိုးမ၌ အထက်ပါကလေးများအပြင် ကိုယ်ဝန်နှင့်ကျန်ရှိခဲ့လျှင် ကိုယ်ဝန်ဘယ်နှလရှိသည်ကို အထက်ပါဇယားတွင် ကလေးအမည်များ၏ အောက်၌ဖော်ပြ၍ ဆရာဝန်၏ ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။

လျှောက်ထားသူ၏ လက်မှတ်

၃။ လျှောက်ထားသူသည် အရွယ်မရောက်သေးသော တရားဝင် မိဘမဲ့ သား၊ သမီး/မြေးများ၏ အုပ်ထိန်းသူဖြစ်လျှင် -

(က) အမည် ______

(ခ) အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ______

(ဂ) မွေးနေ့သက္ကရာဇ် ______

(ဃ) လူမျိုး/ဘာသာ ______

(င) နေရပ်လိပ်စာအပြည့်အစုံ - ______

(၁) အိမ်အမှတ် ______

(၂) လမ်း ______

(၃) ရပ်/ရွာ ______

(၄) မြို့/မြို့နယ် ______

(၅) ပြည်နယ်/တိုင်း ______

၇

(စ) ကလေးနှင့်သေဆုံးသူ မည်သို့တော်စပ်သည် ____________

(ဆ) ကလေး၏မိခင်အမည် ____________

(ဇ) ကလေး၏ဖခင်အမည် ____________

(ဈ) အုပ်ထိန်းထားခြင်းအကြောင်းအရင်း ____________

(ည) အိမ်ထောင်စုဝင် အငြိမ်းစားလစာကို ထုတ်ယူလိုသည့်မြို့ ____________

၄။ အရွယ်မရောက်သေးသော တရားဝင်မိဘမဲ့ သားသမီး/မြေးတစ်ဦးစီ၏ အကြောင်းအရာ (အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သော်လည်း ကျောင်းတွင်အချိန်ပြည့် ပညာသင်ကြားနေသော ကလေးများနှင့် ကိုယ်စိတ်ချွတ်ယွင်းခြင်းကြောင့် မိမိအသက်မွေးဝမ်းကျောင်းမှုကို မစွမ်းဆောင်နိုင်သော ကလေးများရှိလျှင် ထည့်သွင်းဖော်ပြပါ။)

| အမှတ်စဉ် | အမည် | ကျား/မ | မွေးနေ့သက္ကရာဇ် | သားသမီးအရင်း/ လင်ပါ/မယားပါ/ မွေးစား ခွဲခြားဖော်ပြပါ | အိမ်ထောင် ရှိ/မရှိ | လစာရအလုပ် လုပ်ကိုင်ခြင်း ရှိ/မရှိ |
|---|---|---|---|---|---|---|
| ၁ | | | | | | |
| ၂ | | | | | | |
| ၃ | | | | | | |
| ၄ | | | | | | |
| ၅ | | | | | | |
| ၆ | | | | | | |
| ၇ | | | | | | |
| ၈ | | | | | | |

(က) ယခုလျှောက်ထားချိန်တွင် ကလေးများသည် အခြား အငြိမ်းစားလစာ သို့တည်းမဟုတ် ကလေးစရိတ် ရရှိနေခြင်း ရှိ/မရှိ။ ____________

(ခ) ရရှိနေလျှင် - ____________

(၁) အငြိမ်းစားလစာ/ကလေးစရိတ်မည်မျှရရှိသည် ____________

(၂) ယာယီတိုးမြှင့်ငွေ/ယာယီဆောင်းငွေ ____________

(၃) ယာယီရှားပါးစရိတ် ____________

(၄) စတင်ရရှိသည့်ရက်စွဲ ____________

(၅) မည်သည့်ဌာနမှ ရရှိသည် ____________

(၆) မည်သည့်ဘဏ်မှ ထုတ်ယူနေသည် ____________

(၇) အငြိမ်းစားလစာထုတ်ယူခွင့်ပြုသည့် အမိန့်နှင့်ရက်စွဲ ____________

၈

**မှတ်ချက်။** (၁) ကလေးများ၏ အုပ်ထိန်းသူမှန်ကန်ကြောင်း မြို့နယ်တရားရုံး၏ အုပ်ထိန်းခြင်း လက်မှတ်ကို ပူးတွဲတင်ပြရမည်။

(၂) အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သော်လည်း ကျောင်းတွင် ပညာသင်ကြားနေသော ကလေး များအတွက် ကလေးစရိတ်နှင့်ပတ်သက်၍ အချိန်ပြည့် ပညာသင်ကြားနေကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်/ကျောင်းဆရာကြီးထံမှ ထောက်ခံစာကို ပူးတွဲတင်ပြရမည်။

(၃) မွေးစားသားသမီးများအတွက် တရားဝင်မွေးစားသော စာချုပ်စာတမ်းများ တင်ပြရမည်။

(၄) မှတ်တမ်းမဝင်သော သားသမီးများ၏ မွေးနေ့ ခုနှစ်သက္ကရာဇ်နှင့်ပတ်သက်၍ မွေးဖွား စာရင်း သို့မဟုတ် ကျောင်းတွင် မှတ်တမ်းတင်သည့် မွေးနေ့သက္ကရာဇ်ကို ကျောင်းအုပ်/ ကျောင်းဆရာကြီးထံမှ ထောက်ခံချက်ရယူကာ ပူးတွဲတင်ပြရမည်။

အုပ်ထိန်းသူ လက်မှတ်

---

## အပိုင်း (၃)

**(ထောက်ခံလက်မှတ်ရေးထိုးသူသည် နယ်ဘက် သို့မဟုတ် စစ်ဘက်မှ ပြန်တမ်းဝင်အရာရှိ တစ်ဦးဦး သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနမှူးဖြစ်ရမည်။)**

## ထောက်ခံချက်

လျှောက်ထားသူ ကျဆုံး/သေဆုံးသူ စစ်သည်၏ ဇနီး/ခင်ပွန်း/သား/သမီး/မြေးများ မှန်ကန် ကြောင်းနှင့် အရွယ်မရောက်သေးသော ကလေးများအတွက် အုပ်ထိန်းသူမှန်ကန်ကြောင်း ထောက်ခံ လက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူ ဓာတ်ပုံကပ်ရန်

တံဆိပ်တုံး

(လက်မှတ်) ____________________

ထောက်ခံသူလက်မှတ်

အမည်၊ ____________________

ရာထူး/အလုပ်အကိုင်၊ ____________________

____________________

ဌာန၊ ____________________

လိပ်စာအပြည့်အစုံ____________________

____________________

____________________

နေရာ၊ ____________________

ရက်စွဲ၊ ____________________

---

**မှတ်ချက်။** လျှောက်ထားသူသည် အရွယ်မရောက်သေးသော ကလေးများအတွက် အုပ်ထိန်းသူဖြစ်လျှင် အုပ်ထိန်းသူ၏ဓာတ်ပုံနှင့် ကလေးများ၏ ဓာတ်ပုံများကိုပါ ကပ်ရမည်။

**ရေး - ၄၄ (က)**

**နောက်ဆက်တွဲ (င)**

# အငြိမ်းစားလစာလျှောက်လွှာ

## (သေဆုံးသူအရာရှိ၏ ဇနီးအတွက်)

### ညွှန်ကြားချက်များ

၁။ ဤလျှောက်လွှာပုံစံ လက်ခံရရှိသဖြင့် သင်သည် အငြိမ်းစားလစာကို မုချရရှိလိမ့်မည်ဟု မယူဆပါနှင့်။

၂။ ဤပုံစံကို ဖြည့်စွက်ပြီးမွေးဖွားသည့် နေ့စွဲ၊ မှတ်ပုံတင်လက်မှတ်နှင့် တရားဝင်လက်ထပ်သည့် စာချုပ်/စာတမ်းရှိလျှင် ၎င်းလက်မှတ်နှင့် စာချုပ်/စာတမ်းကို မရှိလျှင် မွေးဖွားသည့်ရက် မှန်ကန်ကြောင်းနှင့် တရားဝင်လက်ထပ်ဇနီးဖြစ်ကြောင်း တရားသူကြီးတစ်ဦးဦးရှေ့တွင် ပြုလုပ်သော ကျိန်ဆိုချက်များကို ဤပုံစံနှင့်ပူးတွဲပြီး တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။ တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံးက ဤလျှောက်လွှာပုံစံကို စစ်ဆေးပြီး မှန်ကန်ပြည့်စုံလျှင် ငွေစာရင်းရုံး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ထံသို့ ပေးပို့ရမည်။ သင်လျှောက်ထားသော အငြိမ်းစားလစာကိစ္စကို ဆုံးဖြတ်ပြီးလျှင် ပြီးခြင်း သင့်ထံသို့ အကျိုးအကြောင်း ပြန်ကြားမည်၊ မွေးဖွားသည့်နေ့စွဲ၊ လက်မှတ်နှင့် လက်ထပ်စာချုပ်/စာတမ်းတို့ကိုလည်း သင့်ထံ ပြန်လည်ပေးပို့မည်။

၃။ ဤပုံစံတွင် လက်မှတ်မထိုးမီ သင့်အား မေးထားသော မေးခွန်းအသီးသီး၏ အဖြေကို မှန်ကန်စွာ ဖြေဆိုပြီး မပြီး သေချာစွာ စစ်ဆေးပါ။

(ဤလျှောက်လွှာနှင့်ပတ်သက်၍ ကြန့်ကြာမှု မရှိစေရန် မေးခွန်းအားလုံးကို စာဖြင့်ရေးပြီး ဖြေဆိုရမည်၊ စာမဟုတ်သည့် အမှတ်အသားများနှင့် ဖြေဆိုခြင်း မပြုရ)

၄။ ဤပုံစံသည် အစိုးရ စာချုပ်စာတမ်းဖြစ်၍ မမှန်ကန်သောအကြောင်းအရာကို မိမိကိုယ်တိုင်သိလျက်နှင့် ဖြေဆိုရေးသွင်းခြင်းသည် တရားဥပဒေအရ ပြစ်မှုကျူးလွန်ကြောင်း သိရှိထားရမည်။

၅။ ကလေးတစ်ဦးသည် အသက် (၁၈) နှစ်ပြည့်ပြီးဖြစ်သော်လည်း အောက်ပါအချက်များကြောင့် ငွေကြေးအထောက်အပံ့ လိုလျက်ရှိလျှင် ကလေးစရိတ် ထုတ်ပေးမည် -

(က) အလုပ်သင် (သို့မဟုတ် အလားတူအလုပ်) ၌ အခကြေးငွေဟု ခေါ်တွင်နိုင်ရုံလောက်သော ငွေကြေးထက် ပို၍မရလျှင် သို့မဟုတ်

(ခ) တက္ကသိုလ်၊ စက်မှုလက်မှုပညာသင်ကျောင်း၊ မူလတန်းလွန်ကျောင်းများ၌ ပညာသင်ကြားလျက် ရှိလျှင် သို့မဟုတ်

(ဂ) မသန်မစွမ်းခြင်းကြောင့် အလုပ်လုပ်ကိုင် မစားသောက်နိုင်လျှင်

အထက်ပါ အကြောင်းအရာတစ်ခုခုကြောင့် ကလေးစရိတ် လျှောက်ထားလိုလျှင် လိုအပ်သော အကြောင်းအရာ အပြည့်အစုံရေးသားဖော်ပြ၍ ဤပုံစံနှင့် ပူးတွဲပေးပို့ရမည်။

ရေး - ၃၂

၂

## အပိုင်း (၁)

### (သေဆုံးသူအရာရှိနှင့် ပတ်သက်သော အကြောင်းအရာများ)

၁။ ကိုယ်ပိုင်အမှတ်နှင့်အမည်

၂။ (က) အဆင့် ____________

(ခ) တပ်/ဌာန ____________

(ဂ) မွေးဖွားသည့်နေ့စွဲ ____________

(ဃ) မွေးဖွားသည့်နေရာ ____________

၃။ စစ်မှုထမ်းခြင်းရပ်စဲပြီးမှ သေဆုံးခြင်းဖြစ်လျှင် အောက်ပါတို့ကို ဖြေဆိုပါ -

(က) သေဆုံးသည့် နေ့စွဲ ____________

(ခ) သေဆုံးသည့် နေရာ ____________

## အပိုင်း (၂)

### (လျှောက်ထားသူနှင့် ပတ်သက်သည့် အကြောင်းအရာ)

၄။ အမည် ____________

၅။ လိပ်စာ (အပြည့်အစုံ) ____________

၆။ (က) မွေးဖွားသည့်နေ့စွဲ ____________

(ခ) မွေးဖွားသည့်နေရာ ____________

(ဂ) လက်ထပ်သည့်နေ့စွဲ ____________

(ဃ) လက်ထပ်သည့်နေရာ ____________

**(မွေးဖွားသည့်နေ့စွဲ၊ လက်မှတ်နှင့် လက်ထပ်သည့်စာချုပ်/စာတမ်းများရနိုင်လျှင် ပူးတွဲပေးပါ။ ညွှန်ကြားချက် အမှတ်စဉ် ၂ ကို ကြည့်ပါ)**

၇။ စစ်ဘက်တာဝန်ဝတ္တရားအရ ခွဲခွာနေရသည်မှအပ သင်၏ ခင်ပွန်းသေဆုံးချိန်တွင် သင်နှင့်ခွဲခွာနေသလား၊ ခွဲခွာနေလျှင် မည်သည့်အကြောင်းကြောင့် ခွဲခွာနေရကြောင်း ဖော်ပြပါ။____________

၈။ (က) ကလေးစရိတ်လျှောက်ထားသည့် သေဆုံးသူအရာရှိ၏ အသက် (၁၈) နှစ်အောက် ကလေးများ၏ အကြောင်းအရာ -

| ကလေးအမည် | မွေးဖွားသည့် နေ့စွဲ | | သင်နှင့်အတူမနေလျှင် မည်သည့်အကြောင်းကြောင့် မနေကြောင်းကို ဖော်ပြ၍ ၎င်းတို့၏ ယခုလိပ်စာ |
|---|---|---|---|
| | နေ့စွဲ | နေရာ | |
| | | | |
| | | | |
| | | | |

**(*ကလေးများ၏ မွေးဖွားသည့်နေ့စွဲ၊ လက်မှတ်/ဇာတာများရှိလျှင် ပူးတွဲပေးပို့ရမည်။ ညွှန်ကြားချက် အမှတ်စဉ် ၂ ကို ကြည့်ပါ)**

၃

(ခ) ကလေးများအားလုံးကို သင်က ကျွေးမွေးစောင့်ရှောက်နေရပါသလား။ ———————————

(ဂ) သင် သို့မဟုတ် သင်၏ကလေးတစ်ဦးဦးသည် အငြိမ်းစားလစာ သို့မဟုတ် ထောက်ပံ့ကြေး ရလျက် ရှိသလား။ ———————
(ရလျှင် အပိုင်း ၃ ကို ဖြည့်စွက်ပါ)

(ဃ) ယခုလျှောက်ထားသော အငြိမ်းစားလစာအပြင် အခြားအငြိမ်းစားလစာ သို့မဟုတ် စရိတ်ကြေးငွေများ ရရှိရန် လျှောက်ထားဖူးသလား သို့မဟုတ် လျှောက်ထားရန် ရည်ရွယ်ချက် ရှိသလား။ ———————————

လျှောက်ထားဖူးလျှင် သို့မဟုတ် လျှောက်ထားရန် ရည်ရွယ်ချက်ရှိလျှင် မည်သူ့ထံသို့ လျှောက်ထားသည် သို့မဟုတ် လျှောက်ထားရန် ရည်ရွယ်သည်ကို ဖော်ပြပါ။ ———————————

( **မှတ်ချက်။** အသက် ၁၈ နှစ်အထက် ကလေးများရှိလျှင် ဤညွှန်ကြားချက် ၅ ကိုကြည့်ပါ။ ၎င်းကလေးများအတွက် ကလေးစရိတ်လျှောက်ထားလိုပါက အပိုဒ် ၈ ပါ အကြောင်းအရာများကို သီးသန့်အစီရင်ခံစာဖြင့် ပူးတွဲပေးပို့ရမည်။ )

## အပိုင်း (၃)

### (သေဆုံးသူအရာရှိ သို့မဟုတ် လျှောက်ထားသူ သို့မဟုတ် ၎င်းတို့၏ သားသမီးများရရှိပြီးဖြစ်သော အငြိမ်းစားလစာနှင့် ပတ်သက်သည့် အကြောင်းအရာ)

| အငြိမ်းစားလစာ ရရှိသူ၏အမည် | အငြိမ်းစားလစာ သို့မဟုတ် ထောက်ပံ့ကြေး၏ အမျိုးအမည် | လစဉ်ရရှိငွေ | မည်သူ့ထံမှ ရရှိသည် | ရည်ညွှန်းချက် စာအမှတ် |
|---|---|---|---|---|
| | | | | |

၄

**ဝန်ခံချက်**

**(ညွှန်ကြားချက်အမှတ်စဉ် ၄ ကို ကြည့်ပါ)**

ဤပုံစံပါ မေးခွန်းများကို ကျွန်ုပ်သိရှိယုံကြည်သမျှ အမှန်အတိုင်း အစုံအလင် ဖြေဆိုကြောင်းနှင့် ဤအငြိမ်းစားလစာကို အဆိုပါဖြေဆိုချက်များအရ လျှောက်ထားကြောင်း ဝန်ခံပါသည်။ အခြား သိသင့်သိထိုက်သော အကြောင်းအရာများ ကျန်ရှိနေသေးသရွေ့ သိလိုလျှင်လည်း ကျွန်ုပ်က ဖြေကြားရန် တာဝန်ယူပါသည်။

(လက်မှတ်) ____________________ (လက်မှတ်) ____________

လျှောက်ထားသူ

**လျှောက်ထားသူ၏ လက်မှတ် မှန်ကန်ကြောင်း ထောက်ခံသည့် သက်သေ၏ လက်မှတ်** (ဤနေရာတွင် တပ်မတော် ဗိုလ်ကြီးအဆင့်ထက် မနိမ့်သော အရာရှိတစ်ဦးက လက်မှတ်ရေးထိုးရမည်။)

**သက်သေအရာရှိ၏အမည်နှင့်လိပ်စာ** နေ့စွဲ ____________

____________________

____________________

____________________

____________________

အငြိမ်းစားလစာရရှိမည်ဆိုလျှင် ထုတ်ယူလိုသည့် ငွေတိုက်/ငွေတိုက်ခွဲနှင့် ဘဏ်တိုက်တို့၏ အမည်နှင့် လိပ်စာကို ဖော်ပြပါ။____________________

____________________

____________________

____________________

(လက်မှတ်) ____________

လျှောက်ထားသူ

**ရေး - ၃၂**

**နောက်ဆက်တွဲ (စ)**

# မိဘမဲ့ကလေးများအတွက် အငြိမ်းစားလစာလျှောက်လွှာ

## ညွှန်ကြားချက်များ

၁။ ဤလျှောက်လွှာပုံစံ လက်ခံရရှိသဖြင့် အုပ်ထိန်းသူသည် ကလေးများအတွက် အငြိမ်းစားလစာကို မုချရရှိလိမ့်မည်ဟု မယူဆပါနှင့်။

၂။ သေဆုံးရသူအရာရှိ၏ ကလေးများသည် အမိမဲ့ဖြစ်နေပြီး ဆွေမျိုး သို့မဟုတ် အခြားသူတစ်ဦးဦးက အုပ်ထိန်းကြည့်ရှုနေရလျှင် ထိုအုပ်ထိန်းသူက လျှောက်ထားနိုင်သည်။

၃။ ဤပုံစံကို အုပ်ထိန်းသူက ဖြည့်စွက်ပြီးမွေးဖွားသည့် နေ့စွဲ၊ မှတ်ပုံတင်လက်မှတ်များနှင့် တရားဝင်လက်ထပ်သည့် စာချုပ်/ စာတမ်းများရှိလျှင် ၎င်းလက်မှတ်နှင့် စာချုပ်စာတမ်းများကို မရှိလျှင် မွေးဖွားသည့်နေ့စွဲ မှန်ကန်ကြောင်းနှင့် တရားဝင်လက်ထပ်ခြင်းဖြစ်ကြောင်း တရားသူကြီးတစ်ဦးဦးရှေ့တွင် ပြုလုပ်သောကျိန်ဆိုချက်များကို ဤပုံစံနှင့်ပူးတွဲပြီး တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။ တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံးက ဤလျှောက်လွှာပုံစံနှင့်ပူးတွဲပါ စာချုပ်/စာတမ်းများကို စစ်ဆေးပြီး မှန်ကန်ပြည့်စုံလျှင် ငွေစာရင်းရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ထံသို့ ပေးပို့ရမည်။ သင်လျှောက်ထားသော အငြိမ်းစားလစာကိစ္စကို ဆုံးဖြတ်ပြီးလျှင်ပြီးခြင်း သင့်ထံသို့ အကျိုးအကြောင်း ပြန်ကြားမည်။ မွေးဖွားသည့်နေ့စွဲ၊ လက်မှတ်နှင့် လက်ထပ်စာချုပ်/ စာတမ်းတို့ကိုလည်း သင့်ထံ ပြန်လည်ပေးပို့မည်။

၄။ ဤပုံစံတွင် လက်မှတ်မထိုးမီ သင့်အား မေးထားသော မေးခွန်းအသီးသီး၏ အဖြေများကို မှန်ကန်စွာဖြေဆိုပြီး/မပြီး သေချာစွာ စစ်ဆေးပါ။ (ဤလျှောက်လွှာနှင့်ပတ်သက်၍ ကြန့်ကြာမှု မရှိစေရန် မေးခွန်းအားလုံးကို စာဖြင့်ရေးပြီး ဖြေဆိုရမည်။ စာမဟုတ်သည့် အမှတ်အသားများဖြင့် ဖြေဆိုခြင်း မပြုရ။)

၅။ ကလေးတစ်ဦးသည် အသက် (၁၈) နှစ်ပြည့်ပြီးသော်လည်း အောက်ပါအချက်များကြောင့် ငွေကြေးအထောက်အပံ့ လိုလျက်ရှိလျှင် ကလေးစရိတ် ထုတ်ပေးမည် -

(က) အလုပ်သင် သို့မဟုတ် အလားတူအလုပ်၌ အခကြေးငွေဟု ခေါ်တွင်နိုင်ရုံလောက်သော ကြေးငွေထက် ပို၍မရလျှင် သို့မဟုတ်

(ခ) တက္ကသိုလ်၊ စက်မှုလက်မှုပညာသင်ကျောင်း၊ မူလတန်းလွန်ကျောင်းများ၌ ပညာသင်ကြားလျက်ရှိလျှင် သို့မဟုတ်

(ဂ) မသန်မစွမ်းခြင်းကြောင့် အလုပ်လုပ်ကိုင် မစားသောက်နိုင်လျှင် အထက်ပါ အကြောင်းအရာတစ်ခုခုကြောင့် ကလေးစရိတ်လျှောက်ထားလိုလျှင် လိုအပ်သော အကြောင်းအရာ အပြည့်အစုံရေးသားဖော်ပြ၍ ဤပုံစံနှင့် ပူးတွဲပေးပို့ရမည်။

၂

## အပိုင်း (၁)

**(သေဆုံးသူအရာရှိနှင့် ပတ်သက်သော အကြောင်းအရာများ)**

၁။ ကိုယ်ပိုင်အမှတ်နှင့်အမည် ____________________

၂။ (က) အဆင့် ____________________

(ခ) တပ်/ဌာန ____________________

(ဂ) စစ်မှုမထမ်းမီက အလုပ်အကိုင် ____________________

(ဃ) လက်ထပ်သည့်နေ့စွဲ ____________________

(င) လက်ထပ်သည့်နေရာ ____________________

**(လက်ထပ်စာချုပ်/စာတမ်းပူးတွဲပေးပို့ရမည်။ ညွှန်ကြားချက်အမှတ်စဉ် ၃ ကို ကြည့်ပါ)**

၃။ စစ်မှုထမ်းခြင်းရပ်စဲပြီးမှ သေဆုံးခြင်းဖြစ်လျှင် အောက်ပါတို့ကို ဖြေဆိုပါ -

(က) သေဆုံးသည့် နေ့စွဲ ____________________

(ခ) သေဆုံးသည့် နေရာ ____________________

---

## အပိုင်း (၂)

**(သေဆုံးသူအရာရှိ၏ ခင်ပွန်း/ဇနီးနှင့် ပတ်သက်သည့် အကြောင်းအရာများ)**

၄။ (က) အမည်

(ခ) သေဆုံးသည့် နေ့စွဲ

(ဂ) သေဆုံးသည့် နေရာ

**(သေဆုံးခြင်းလက်မှတ်ကို ပူးတွဲပေးပို့မည်၊ မရှိလျှင် တရားသူကြီးတစ်ဦးဦးရှေ့တွင် ပြုလုပ်သော ကျိန်ဆိုချက်ကို ပေးပို့ရမည်)**

---

## အပိုင်း (၃)

**(အငြိမ်းစားလစာလျှောက်ထားခြင်းနှင့်ပတ်သက်သည့် အသက် ၁၈ နှစ်အောက်ရှိ ကလေးများ၏ အကြောင်းအရာများ)**

၅။ (က)

| ကလေးအမည် | မွေးဖွားသည့် ရက်စွဲ | မွေးသည့်နေရာ<br>(ဖြစ်နိုင်ပါကလိပ်စာအပြည့်အစုံဖော်ပြပါ) |
|---|---|---|
| | | |
| | | |

**(ကလေးများ၏ မွေးဖွားသည့်နေ့စွဲ လက်မှတ်/ဇာတာများရှိလျှင် ပူးတွဲပေးပို့ရမည်။ ညွှန်ကြားချက် အမှတ်စဉ် ၃ ကို ကြည့်ပါ)**

၄

(ခ) ကလေးများအားလုံးကို သေဆုံးသူအရာရှိ အသက်ရှိစဉ်က ကျွေးမွေးစောင့်ရှောက်နေပါသလား။

(ဂ) ကလေးများအားလုံးကို ယခုလျှောက်သောအုပ်ထိန်းသူက ကျွေးမွေးစောင့်ရှောက်နေပါသလား။

(ဃ) ကလေးများအားလုံးသည် ယခုလျှောက်သော အုပ်ထိန်းသူနှင့် အတူတကွနေထိုင်စားသောက်နေကြပါသလား။

(င) အတူတကွနေထိုင်စားသောက်ခြင်း မရှိပါက မည်သည့်အတွက်ကြောင့်ပါလဲ။ မည်သူနှင့်နေထိုင်ကြပါသလဲ။ အတူတကွနေထိုင်စားသောက်သူ၏ အမည်နှင့်လိပ်စာကို ဖော်ပြပါ။

______________________________

______________________________

**မှတ်ချက်။** အသက် (၁၈) နှစ်အထက် ကလေးများရှိလျှင် ညွှန်ကြားချက် (၅) ကိုကြည့်ပါ။ ၎င်းကလေးများအတွက် ကလေးစရိတ်လျှောက်ထားလိုပါက အပိုဒ် - ၅ ပါ အကြောင်းအရာများကို သီးသန့်အစီရင်ခံစာဖြင့် ပူးတွဲပေးပို့ရမည်။

# အပိုင်း (၄)

## (မိဘ သို့မဟုတ် ကလေးများရရှိသည့် အငြိမ်းစားလစာနှင့် ပတ်သက်သည့်အကြောင်းအရာ)

၆။

| အငြိမ်းစားလစာရရှိသူ၏အမည် | အငြိမ်းစားလစာ၏အမျိုးအမည် | လစဉ်ရရှိငွေ | မည်သူ့ထံမှရရှိသည် | ရည်ညွှန်းချက်စာအမှတ် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |

**(မရှိလျှင် မရှိဟု ဖော်ပြပါ)**

၇။ (က) ယခုလျှောက်ထားသော အငြိမ်းစားလစာအပြင် အခြားအငြိမ်းစားလစာ သို့မဟုတ် စရိတ်ကြေးငွေများ ရရှိရန် လျှောက်ထားဖူးသလား သို့မဟုတ် လျှောက်ထားရန် ရည်ရွယ်ချက်ရှိသလား။ ______________________________

(ခ) လျှောက်ထားဖူးလျှင် သို့မဟုတ် လျှောက်ထားရန် ရည်ရွယ်ချက်ရှိလျှင် မည်သူ့ထံသို့ လျှောက်ထားသည် သို့မဟုတ် လျှောက်ထားရန် ရည်ရွယ်သည်ကို ဖော်ပြပါ။ ______________

______________________________

၈။ သင်သိသမျှ သင့်အပြင် အခြားသူတစ်ဦးဦးက အပိုင်း ၁ ပါ သေဆုံးသူအရာရှိနှင့်ပတ်သက်၍ အငြိမ်းစားလစာများ လျှောက်ထားသလား။ ______________________________

လျှောက်ထားလျှင် ၎င်းတို့အမည်နှင့်လိပ်စာများ ဖော်ပြပြီး အငြိမ်းစားလစာလက်မှတ် အမှတ်ကိုပါ သိလျှင် ဖော်ပြပါ။______________________________

______________________________

၄

# အပိုင်း (၅)

## [မိဘမဲ့ကလေးများအတွက် လျှောက်ထားသူ (အုပ်ထိန်းသူ) နှင့်ပတ်သက်သည့် အကြောင်းအရာများ]

၉။ (က) အမည် ____________________

(ခ) လိပ်စာအပြည့်အစုံ ____________________

(ဂ) ကလေးများနှင့်မည်သို့တော်စပ်သနည်း (မတော်စပ်လျှင် အုပ်ထိန်းသူဟုရေးပါ)။

____________________

---

## ဝန်ခံချက်

၁။ ဤပုံစံပါ မေးခွန်းများကို ကျွန်ုပ်သိရှိသမျှ အမှန်အတိုင်း အစုံအလင်ဖြေဆိုကြောင်း အပိုင်း ၃ တွင် ဖော်ပြထားသည့် ကလေး/ကလေးများသည် အပိုင်း ၁ တွင် ဖော်ပြထားသည့် အရာရှိ၏ ကလေးများ ဖြစ်ကြောင်းနှင့် အဆိုပါကလေးများအတွက် ဖော်ပြပါအကြောင်းအရာတို့အပေါ်တွင် မှီ၍ အငြိမ်းစားလစာ လျှောက်ထားခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။

၂။ အကယ်၍ အငြိမ်းစားလစာရရှိခဲ့ပါက ကလေးများအတွက် ကျွန်ုပ်ရရှိသောငွေများကို ကလေးများ အကျိုးအတွက် ရိုးသားဖြောင့်မှန်စွာ သုံးစွဲမည်ဖြစ်ကြောင်းနှင့် ကလေးတစ်ဦးဦးသေဆုံးသည်ဖြစ်စေ၊ ကျွန်ုပ်၏အုပ်ထိန်းခြင်းမှ ကင်းလွတ်သွားသည်ဖြစ်စေ အကြောင်းကြားမည်ဖြစ်ကြောင်း ဝန်ခံပါသည်။

(လက်မှတ်) __________

လျှောက်ထားသူ

**လျှောက်ထားသူ၏ လက်မှတ် မှန်ကန်ကြောင်း**

**ထောက်ခံသည့်သက်သေ၏ လက်မှတ်** (ဤနေရာတွင် တပ်မတော် ဗိုလ်ကြီးအဆင့်ထက် မငယ်သော အရာရှိတစ်ဦးက လက်မှတ်ရေးထိုးရမည်။)

**သက်သေအရာရှိ၏အမည်နှင့်လိပ်စာ** နေ့စွဲ __________

____________________

**(မှတ်ချက်။** ဤပုံစံသည် အစိုးရစာရွက်စာတမ်းဖြစ်၍ မမှန်ကန်သော အကြောင်းအရာကို မိမိ ကိုယ်တိုင် သိလျက်နှင့် ဖြေဆိုရေးသွင်းခြင်းသည် တရားဥပဒေအရ ပြစ်မှုကျူးလွန် ကြောင်း သိရှိထားရမည်။)

---

အငြိမ်းစားလစာရရှိမည်ဆိုလျှင် ထုတ်ယူလိုသည့် ငွေတိုက်/ငွေတိုက်ခွဲနှင့် ဘဏ်တိုက်တို့၏ အမည်နှင့် လိပ်စာကို ဖော်ပြပါ။ ____________________

(လက်မှတ်) __________

လျှောက်ထားသူ

**နောက်ဆက်တွဲ (ဆ)**

# သေဆုံးခြင်းလက်မှတ်

ကိုယ်ပိုင်အမှတ်၊ ____________ အဆင့်၊ ____________ အမည်၊ __________________

တပ်၊ __________________ သည် ______ ခုနှစ် ____________ လ ______ ရက်တွင်

__________________________________________________________

__________________________________________________________

ကြောင့် သေဆုံးသည်။

(လက်မှတ်) ၊__________________

အဆင့် ၊__________________

နေရာ၊ __________________ ဆေးမှူးအမည် ၊__________________

ရက်စွဲ၊ __________________ တပ် ၊__________________

**မှတ်ချက်။** ဆေးမှူးမရှိသောဒေသတွင် ဒဏ်ရာကြောင့် သို့မဟုတ် ရောဂါကြောင့် သေဆုံးပြီးအလောင်းကို စစ်ဆေးရုံ၊ ပြည်သူ့ဆေးရုံသို့ ယူဆောင်ခြင်းမပြုနိုင်ဘဲ ရှေ့တန်းတွင်ပင် မြှုပ်နှံသင်္ဂြိုဟ်ခြင်း ပြုခဲ့သည်ရှိသော် ဆေးမှူးလက်မှတ်ရေးထိုးရမည့်နေရာတွင် တပ်မှူး လက်မှတ်ရေးထိုးရမည်။

**နောက်ဆက်တွဲ (ဇ)**

## စစ်မှုထမ်းဆောင်ခြင်းနှင့် အကျိုးဝင်/မဝင် ယူဆကြောင်း ထောက်ခံချက်

၁။ ကိုယ်ပိုင်အမှတ်၊ __________ အဆင့်၊ __________ အမည်၊ __________ ဌာန/တပ်၊ ____________________ သည် နေ့စွဲ၊ ____________ အချိန် __________ ၌ ____________________ မြို့နယ်တွင် သေဆုံးခြင်းဖြစ်သည်။

၂။ ၎င်းသေဆုံးခြင်းမှာ အောက်ဖော်ပြပါ အကြောင်းများကြောင့် စစ်မှုထမ်းဆောင်ခြင်းနှင့် အကျိုးဝင်သည်/ အကျိုးမဝင်ဟု ယူဆပါသည်။

______________________________________________

______________________________________________

______________________________________________

______________________________________________

(လက်မှတ်) ၊ __________

အဆင့် ၊ __________

နေရာ၊ __________ ဆေးမှူးအမည် ၊ __________

ရက်စွဲ၊ __________ တပ် ၊ __________

အထက်ပါယူဆချက်အတိုင်း ကျွန်ုပ်သဘောတူပါသည်/သဘောမတူပါ။

သဘောမတူရခြင်းအကြောင်းအမှာ ____________________

______________________________________________

______________________________________________

(လက်မှတ်) __________

တပ်မှူး

ဆေးတပ်ရင်း/တပ်

နေရာ၊ __________

ရက်စွဲ၊ __________

အထက်ပါယူဆချက်အတိုင်း ကျွန်ုပ်သဘောတူပါသည်/သဘောမတူပါ။

သဘောမတူရခြင်းအကြောင်းအမှာ ____________________

______________________________________________

______________________________________________

(လက်မှတ်) __________

ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

နေရာ၊ __________

ရက်စွဲ၊ __________

**မှတ်ချက်။** (၁) ဤအမှတ်အသားပြသောနေရာတွင် တပ်မတော်ဆေးမှူးများက ဖြည့်စွက်ထည့်သွင်း၍ ရောဂါသတ်မှတ်ချက်နံပါတ် ( Code Number ) နှင့် ရောဂါအမည်၊ ၎င်းရောဂါသည် စစ်မှုထမ်းဆောင်ခြင်းနှင့် မည်သို့အကျိုးဝင်သည်/မဝင်သည် စသည်တို့ကို သိသာနိုင်ရန် အကျဉ်းချုပ်ဖော်ပြရမည်။ အကယ်၍ အလောင်းကို ရင်ခွဲစစ်ဆေးခြင်းပြုလုပ်ပါလျှင် ၎င်းစစ်ဆေးခြင်းအစီရင်ခံစာနှင့် ညီမျှသော သဘောရှိစေရမည်။

(၂) ဤအမှတ်အသားပြထားသောနေရာတွင် စစ်မြေပြင်ဆေးတပ်ရင်း/တိုင်းမှူး၏ ဆေးအကြံပေးအရာရှိ/စစ်ဆေးရုံတပ်မှူးမှ လက်မှတ်ရေးထိုးရမည်။

**ဆေး - ၆၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၅)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ၊ ပုဒ်မ-၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လက်ရှိပြောင်းလဲတိုးတက်လာသော အခြေအနေအရ နိုင်ငံခြားသားဝင်ရောက်မှု များပြားလာခြင်း၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်ရှိခြင်းတို့ကြောင့် နိုင်ငံခြားဖြစ် ဝိုင်အမျိုးမျိုးကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ပြည်ပမှ တရားဝင်တင်သွင်းခွင့်ပြုလိုက်သည်။

၃။ ပြည်ပမှတင်သွင်းခွင့်မပြုသော ကျန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်လိုအပ်ချက်အခြေအနေများ အပေါ် မူတည်ပြီး အခါအားလျော်စွာပြင်ဆင်ပြောင်းလဲသင့်သည်များကို ပြင်ဆင်ဆောင်ရွက်ခွင့်ပြုမည် ဖြစ်ပါသည်။

(ပုံ) (ဝင်းမြင့်)၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

## ဝိုင်တင်သွင်းခွင့် လုပ်ထုံးလုပ်နည်း

### နိဒါန်း

၁။ နိုင်ငံတော်အနေဖြင့် အစိုးရသစ်တာဝန်ယူခဲ့ချိန်မှစ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပြီး၊ စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများအနေဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ကာ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုဖြေလျှော့ပေးရေးစသည်တို့ကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခင်က အရက်၊ ဘီယာ၊ ဝိုင်တို့ကို တင်သွင်းရန် ကန့်သတ်ထားခဲ့သော်လည်း ပြည်တွင်းဈေးကွက်လိုအပ်ချက်ရှိခြင်း၊ ပြောင်းလဲလာသောအခြေအနေများအရ နိုင်ငံခြားသားဝင်ထွက်မှုများပြားလာခြင်းတို့ကြောင့် နိုင်ငံတကာတွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသော အကောက်ခွန်လွတ် အရောင်းဆိုင်များတွင် ရောင်းချရန် အတွက်လည်းကောင်း၊ ဟိုတယ်များတွင်အသုံးပြုရန်အတွက်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့်လည်းကောင်း တင်သွင်းခွင့်ပြုပေးလျက်ရှိပါသည်။

၃။ တင်သွင်းရန် ကန့်သတ်ထားသည့်ပစ္စည်းများအနက် ဝိုင်သည် တိုးတက်ပြောင်းလဲလာသည့် လူနေမှုပုံစံအရ ညစာစားပွဲများ၊ ဧည့်ခံပွဲများတွင် အမှတ်သင်္ကေတတစ်ခုအနေဖြင့် ထုံးတမ်းအစဉ်အလာအရ အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိခြင်း၊ အခြားအိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင်လည်း တရားဝင်တင်သွင်းခွင့်ပြုလျက်ရှိခြင်း၊ ပြည်တွင်းထုတ်လုပ်သူနည်းပါးသော ပစ္စည်းဖြစ်ခြင်းတို့ကြောင့် ယခင်က တင်သွင်းရန် ကန့်သတ်ထားသော်လည်း ဈေးကွက်လိုအပ်ချက်ပေါ်မူတည်၍ အကန့်အသတ်ဖြင့် ဖြေလျှော့တင်သွင်းခွင့်ပြုနိုင်ရေး လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းရခြင်း ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၄။ ဝိုင်ကိုအကန့်အသတ်ဖြင့် တရားဝင်တင်သွင်းခွင့်ပြုခြင်းဖြင့် တရားမဝင်တင်သွင်းမှုထိန်းချုပ်နိုင်ရန်၊ နိုင်ငံတော်အခွန်အခများ အပြည့်အဝရရှိနိုင်ရန်နှင့် ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်။

**တင်သွင်းခွင့်လျှောက်ထားနိုင်သူများ**

၅။ ဝိုင်တင်သွင်းခွင့်လျှောက်ထားသူသည် အောက်ပါအချက်များနှင့် ကိုက်ညီမှုရှိရမည် -

(က) ကုမ္ပဏီ/အသင်းအဖွဲ့ မှတ်ပုံတင်ရှိရမည်။

(ခ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ရှိရမည်။

(ဂ) တင်သွင်းခွင့်လျှောက်ထားသည့် ကုမ္ပဏီများသည် သက်ဆိုင်ရာကုမ္ပဏီ၏ Dealership ရှိသူများသာ ဖြစ်ရမည်။

**လုပ်နည်း**

၆။ ဝိုင်ကိုအကန့်အသတ်ဖြင့် တင်သွင်းခွင့်ပြုနိုင်ရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ပါမည် -

(က) ဤဌာနမှထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းအတိုင်း ဝိုင်တင်သွင်းခွင့် မှတ်ပုံတင်ကတ် လျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်း။

(ခ) သွင်းကုန်လိုင်စင် လျှောက်ထားမှုအား စိစစ်ခြင်း။

(ဂ) ပို့ကုန်သွင်းကုန်လုပ်ငန်းညှိနှိုင်းမှုအစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူခြင်းနှင့် သွင်းကုန် လိုင်စင်ခွင့်ပြုခြင်း။

**ဝိုင်တင်သွင်းခွင့်အတွက် သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်းများ**

၇။ ဝိုင်တင်သွင်းခွင့်အတွက် သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းအထောက် အထားများ ပူးတွဲတင်ပြလျှောက်ထားရပါမည် -

(က) ကုမ္ပဏီ/ အသင်းအဖွဲ့ Letter Head ပါ လျှောက်လွှာ

(ခ) Proforma Invoice မူရင်း သို့မဟုတ် အရောင်းအဝယ်စာချုပ် (Sale Contract) မူရင်း (တင်သွင်း ဝိုင်နှင့်သက်ဆိုင်သော အသေးစိတ်အချက်အလက်များကို ပြည့်စုံစွာ ဖော်ပြရမည်)

(ဂ) ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်ကတ်ပြား (မူရင်း/မိတ္တူ)

(ဃ) တင်သွင်းလာသော ဝိုင်ပုလင်းပေါ်တွင် ကပ်နှိပ်တင်သွင်းဖြန့်ချိမည့် ကုမ္ပဏီ၏ အမှတ်အသား တံဆိပ်ကို ဖော်ပြရန်

(င) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ထောက်ခံချက်

(စ) တင်သွင်းလာသည့်ဝိုင်များကို သိုလှောင်မည့်လိပ်စာနှင့် ရောင်းချ/ဖြန့်ဖြူးမည့် အစီအစဉ်

(ဆ) ကုမ္ပဏီ/အသင်းအဖွဲ့၏ အဖွဲ့ဝင်ဒါရိုက်တာ ကိုယ်တိုင်မဟုတ်ပါက ကိုယ်စားလှယ်ကတ်

**စည်းကမ်းချက်များ**

၈။ ဝိုင်တင်သွင်းခွင့်လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) ဝိုင်တင်သွင်းခွင့် မှတ်ပုံတင်ကတ် ကိုင်ဆောင်ထားသူသည် တင်သွင်းခြင်းလုပ်ငန်းကို ကိုယ်တိုင် ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာဌာနများ၏ တည်ဆဲဥပဒေအရ ပြဋ္ဌာန်းထားသော စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒ လုပ်ထုံးလုပ်နည်းများနှင့် အခါအားလျော်စွာ ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများကို လိုက်နာ ဆောင်ရွက်ရမည်။

(ဂ) ကုန်ပစ္စည်းများပေါ်တွင် ဝိုင်အမျိုးအစား၊ အယ်လ်ကိုဟောပါဝင်မှု ရာခိုင်နှုန်းနှင့် ပစ္စည်းတင်သွင်း ဖြန့်ချိသူ၏ (ကုမ္ပဏီအမည်၊ ကုမ္ပဏီလိပ်စာ) စသည့်အချက်များကို အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြရမည်။

(ဃ) ဝိုင်ပုလင်းတိုင်းတွင် ပြည်တွင်းအခွန်၏ Tax Paid အမှတ်တံဆိပ်ကပ်ပြီးမှသာ ဖြန့်ချိရမည်။

(င) တင်သွင်းထားသည့်ပစ္စည်းများအတွက် ကုန်ဝင်/ထွက်/လက်ကျန်မှတ်တမ်းထားရှိပြီး၊ လိုအပ်သည့်အချိန်တွင် သက်ဆိုင်ရာဌာနများမှစစ်ဆေးပါက တင်ပြနိုင်ရေး Stock Ledger ရေးသွင်းထားရမည်။)

(စ) ကုမ္ပဏီတစ်ခုမှလျှောက်ထားပြီး အမျိုးအစားနှင့် တံဆိပ်တူသောဝိုင်ကို အခြားကုမ္ပဏီတစ်ခုမှ ထပ်မံလျှောက်ထားနိုင်သည်။

(ဆ) ပင်လယ်ရေကြောင်းနှင့် လေကြောင်းမှသာ တင်သွင်းခွင့်ပြုပါမည်။

(ဇ) တင်သွင်းလာသည့်ဝိုင်များ၏ Country of Origin (CO) ကို တစ်ပါတည်းထည့်သွင်း ဖော်ပြရမည်။

(ဈ) တင်သွင်းဝိုင်၏ အယ်လ်ကိုဟောပါဝင်မှုရာခိုင်နှုန်း (Alcohol By Volume) မှာ (၇%) မှ (၂၀%) အတွင်းရှိရမည်။

**အခွန်အခပေးဆောင်ခြင်း**

၉။ ဝိုင်တင်သွင်းမှုအတွက် သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ထားသည့် အခွန်အခများကို ပေးဆောင်ရမည်။

**ဖြန့်ဖြူးရောင်းချခြင်းနှင့် ဆိုင်ဖွင့်လှစ်ခြင်း**

၁၀။ ဝိုင်တင်သွင်းခွင့်ရရှိပြီးနောက် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ဖွင့်လှစ်ခြင်းတို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စည်ပင်သာယာရေးကော်မတီများ၏ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

**စစ်ဆေးခြင်းနှင့်အရေးယူခြင်း**

၁၁။ တင်သွင်းထားသည့် ပစ္စည်းများကို သတ်မှတ်လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ သက်ဆိုင်ရာဌာနဆိုင်ရာများ၏ တာဝန်ရှိသူများမှ အခါအားလျော်စွာ စစ်ဆေးခြင်း၊ စိစစ်ကြပ်မတ်ခြင်းတို့ကို ခံယူရမည်။

၁၂။ သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**အထွေထွေ**

၁၃။ Duty Free Shop များနှင့် ဟိုတယ်များတွင်အသုံးပြုရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် တင်သွင်းခြင်းလုပ်ငန်းများအတွက် သီးခြားသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်တင်သွင်းခွင့် ပြုမည်။

**နိဂုံး**

၁၄။ စစ်မှန်ကောင်းမွန်သောဝိုင်တင်သွင်းမှုကို စနစ်တကျတရားဝင်တင်သွင်းခွင့်ပြုခြင်းဖြင့် ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သည့် ဝိုင်များကိုသာ တင်သွင်းခွင့်ပြုနိုင်ခြင်း၊ တရားမဝင် ဝင်ရောက်နေသည့် ဝိုင်များပေါ်တွင် စနစ်တကျ ထိန်းသိမ်းနိုင်မှုရှိခြင်း၊ နိုင်ငံတော် အခွန်အခများရရှိစေနိုင်ခြင်းစသည့် အကျိုးရလဒ်များဖြစ်ပေါ်စေနိုင်ပါသည်။ ဝိုင်အပါအဝင် အဖျော်ယမကာများ သုံးစွဲမှုပမာဏထိန်းချုပ်မှုနှင့် ပတ်သက်သည့် တိကျသည့် လုပ်ထုံးလုပ်နည်းများ၊ အခွန်နှုန်းထား၊ ဥပဒေအရကန့်သတ်ချက်၊ သုံးစွဲနိုင်သည့် အသက်အရွယ်ကန့်သတ်မှု၊ ပညာပေးအစီအစဉ်များနှင့် မီဒီယာများမှတစ်ဆင့် အသိပေးခြင်းစသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် ၎င်းနှင့်ဆက်စပ်၍ ဖြစ်ပေါ်လာသော ပြဿနာများကို လျှော့ချနိုင်မည် ဖြစ်ပါသည်။ ဝိုင်တင်သွင်းခွင့် လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြောင်းလဲဖြစ်ပေါ်လာသည့် အခြေအနေများနှင့်အညီ လိုအပ်သလို ပြင်ဆင်၍ စနစ်တကျ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၉၂/၂၀၁၅**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

၁။ ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၃ နှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၁-ခ အရ အောက်ဖော်ပြပါ အထူးကုန်စည်များအား ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းနှင့် ပြည်ပမှ တင်သွင်းခြင်းတို့အပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန် သတ်မှတ်လိုက်သည်-

(က) အရက်အမျိုးမျိုး

(ခ) ဘီယာအမျိုးမျိုး

(ဂ) ဝိုင်အမျိုးမျိုး

(ဃ) စီးကရက်

၂။ အမိန့်ကြော်ငြာစာသည် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၈၇၂/၂၀၁၅**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်)

**နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားကို အစဉ်အလေးထားဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်၊ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းကို အထိုက်အလျောက် မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်သတ်မှတ်ပေးရန် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၅) ၌ အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ရာ အစိုးရဌာနများနှင့် အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအရ ခွင့်ပြုထားသော ရာထူးများ၌ တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို အောက်ဖော်ပြပါ ဇယားအတိုင်း တိုးမြှင့်သတ်မှတ်လိုက်သည် -

(ကျပ်)

| အမှတ်စဉ် | လက်ရှိလစာနှုန်းထား | အမှတ်စဉ် | တိုးမြှင့်လစာနှုန်းထား |
|---|---|---|---|
| ၁ | ၇၅,၀၀၀-၁,၀၀၀-၈၀,၀၀၀ | ၁ | ၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀ |
| ၂ | ၈၁,၀၀၀-၁,၀၀၀-၈၆,၀၀၀ | ၂ | ၁၃၅,၀၀၀-၂,၀၀၀-၁၄၅,၀၀၀ |
| ၃ | ၈၇,၀၀၀-၁,၀၀၀-၉၂,၀၀၀ | ၃ | ၁၅၀,၀၀၀-၂,၀၀၀-၁၆၀,၀၀၀ |
| ၄ | ၉၃,၀၀၀-၁,၀၀၀-၉၈,၀၀၀ | ၄ | ၁၆၅,၀၀၀-၂,၀၀၀-၁၇၅,၀၀၀ |
| ၅ | ၉၉,၀၀၀-၁,၀၀၀-၁၀၄,၀၀၀ | ၅ | ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀ |
| ၆ | ၁၀၅,၀၀၀-၁,၀၀၀-၁၁၀,၀၀၀ | ၆ | ၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀ |
| ၇ | ၁၁၁,၀၀၀-၁,၀၀၀-၁၁၆,၀၀၀ | ၇ | ၂၁၀,၀၀၀-၂,၀၀၀-၂၂၀,၀၀၀ |
| ၈ | ၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀ | ၈ | ၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀ |
| ၉ | ၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀ | ၉ | ၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀ |
| ၁၀ | ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀ | ၁၀ | ၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀ |
| ၁၁ | ၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀ | ၁၁ | ၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀ |
| ၁၂ | ၂၂၀,၀၀၀-၂,၀၀၀-၂၃၀,၀၀၀ | ၁၂ | ၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀ |
| ၁၃ | ၂၅၀,၀၀၀-၂,၀၀၀-၂၆၀,၀၀၀ | ၁၃ | ၅၀၀,၀၀၀ |

မှတ်ချက်။ နှစ်တိုးများကို (၂) နှစ်လျှင် တစ်ကြိမ်ခံစားခွင့်ပြုရန်၊

၃။ လက်ရှိလစာနှုန်းမှ တိုးမြှင့်လစာနှုန်းသို့ ပြောင်းလဲသွားသည့်အခါ နှစ်တိုးများကို လက်ရှိလစာနှုန်းအရ နှစ်တိုးကာလများအတိုင်း ဆက်လက်ခံစားခွင့်ပြုရန် ဖြစ်ပါသည်။ တိုးမြှင့်လစာနှုန်းသို့ ပြောင်းလဲမှုကြောင့် နှစ်တိုးစေ့ရောက်သည့်နေ့များ ပြောင်းလဲသွားခြင်းမရှိစေရ။

၄။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၁၄-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၀/၂၀၁၂ ဖြင့် နိုင်ငံ့ဝန်ထမ်းများ (တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအပါအဝင်) ၏ လစာအပေါ်တွင် ထပ်ဆောင်း ပေးခဲ့သည့် အပိုထောက်ပံ့ကြေးခံစားခွင့်ပြုခြင်းကို ပယ်ဖျက်ပြီး ယခုပြောင်းလဲပြင်ဆင်သည့် လစာနှုန်းထား အတိုင်းသာ ခံစားခွင့်ပြုရန် ဖြစ်ပါသည်။

၅။ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာနှင့်ပတ်သက်၍ ခွင့်ပြုပေးနိုင်မည့် နှုန်းထားသတ်မှတ်ချက်အား သီးခြားထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၆။ ဒေသစရိတ်ခံစားခွင့်နှင့်ပတ်သက်၍လည်း စိစစ်သုံးသပ်မှုများပြုလုပ်ပြီးပါက သီးခြားထုတ်ပြန် သွားမည်ဖြစ်ပါသည်။

**တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများ၏ လစာနှုန်းများ**

၇။ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအတွက် သတ်မှတ်ထားသော လစာနှင့် စရိတ်နှုန်းထား များနှင့် ခွင့်ပြုပေးနိုင်မည့် အငြိမ်းစားလစာနှင့် ဆုကြေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ကာကွယ်ရေး ဝန်ကြီးဌာန၊ ကာကွယ်ရေးကောင်စီသို့တင်ပြ၍ အတည်ပြုချက်ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။

**နိုင်ငံခြားတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် ခံစားခွင့်**

၈။ နိုင်ငံခြားတွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံခြားရေးဝန်ထမ်းများနှင့် အခြားအလားတူဝန်ထမ်း များသည် ပြည်ပတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း လက်ရှိခံစားနေသော လစာနှုန်းများအတိုင်းသာ နိုင်ငံခြားသုံးငွေဖြင့် ထုတ်ယူခံစားရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိတာဝန်ထမ်းဆောင်ရသည့် အခါတွင် မိမိရာထူးအဆင့်နှင့်လျော်ညီစွာ သတ်မှတ်ထားသော လစာနှုန်းသစ်ကို ခံစားရန် ဖြစ်ပါသည်။

၉။ ဤအမိန့်ကြော်ငြာစာအရ ခံစားခွင့်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလအတွက် လစာမှစ၍ ခံစားခွင့်ရှိစေ ရမည်။

ဝင်းရှိန်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဘဏ္ဍာရေးဝန်ကြီးဌာန။

**[ ယခင်အပတ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စည်ပင်သာယာရေးဥပဒေ ( ၂၀၁၄ ခုနှစ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေအမှတ် ၁/၂၀၁၄ ) မှ အဆက် ]**

**အခန်း (၁၇)**

**တားမြစ်ချက်များ**

၆၄။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခုပေါ်တွင် ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်းမပြုရ။

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခုပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ဆွဲထားခြင်းမပြုရ။

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းမြေ၊ ဌာနပိုင်မြေ၊ အစိုးရမြေပေါ်တွင် ကျူးကျော်၍ ဝင်းခြံခတ်ခြင်းမပြုရ။

(ဃ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းမြေ၊ ဌာနပိုင်မြေ၊ ပုဂ္ဂလိကပိုင်မြေနှင့် အဆောက်အအုံများပေါ်တွင် စီးပွားရေးကြော်ငြာဆိုင်းဘုတ်များ စိုက်ထူ၍လည်းကောင်း၊ ချိတ်ဆွဲ၍လည်းကောင်း ကြော်ငြာခြင်းမပြုရ။

၆၅။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အများပြည်သူသွားလာသည့်လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ။

(ခ) ကန့်သတ်ထားသော လမ်းနယ်မြေတွင် ယာဉ်များမောင်းနှင်သွားလာခြင်း၊ ထားရှိခြင်းနှင့် တိရစ္ဆာန်များ မောင်းနှင်သွားလာခြင်း၊ ထိန်းကျောင်းခြင်း၊ လွှတ်ကျောင်းခြင်းမပြုရ။

(ဂ) လမ်းပေါ်တွင်လည်းကောင်း၊ လူသွားစင်္ကြံ ပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ဈေးရောင်းခြင်းမပြုရ။

(ဃ) အမှိုက်၊ မိလ္လာ၊ အညစ်အကြေး၊ ပတ်ဝန်းကျင်ကို ထိခိုက်စေသော အရာဝတ္ထု စသည်တို့ကို လမ်းပေါ် သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ်မထားသော နေရာတွင် စွန့်ပစ်ခြင်းမပြုရ။

(င) ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရ။

(စ) လမ်းမြေကို တူးဆွခြင်း၊ တူးယူခြင်း၊ ဖယ်ရှားခြင်း၊ မြေဖို့ခြင်း၊ မြေအနေအထားပြောင်းလဲစေခြင်း၊ လမ်းထက်မြင့်သော ကွန်ကရစ်လမ်းခင်းခြင်း၊ ကွန်ကရစ်ခုံပြုလုပ်ခြင်း၊ လမ်းထက်မြင့်သော မြောင်းကျော်တံတား၊ ခုံးကျော်တံတား တည်ဆောက်ခြင်းများ မပြုရ။

(ဆ) ဝင်နိုင်ထွက်နိုင်သော လမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများဆောက်လုပ်ခြင်းမပြုရ။

၆၆။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း မပြုရ။

(ခ) ဌာနမှထုတ်ပေးသော ကျွမ်းကျင်မှုဆိုင်ရာလိုင်စင်မရှိဘဲ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း မပြုရ။

(ဂ) ဝင်းခြံခတ်ခြင်းမပြုရ။

(ဃ) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို စည်းကမ်းများနှင့် ညီညွတ်ခြင်းမရှိဘဲ ရယူသုံးစွဲခြင်းမပြုရ။

(င) ပုဂ္ဂလိကစီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

(စ) အများပြည်သူအတွက် စခန်းချရပ်နားရန်နေရာကိုဖြစ်စေ၊ ယာဉ်ရပ်နားစခန်းကိုဖြစ်စေ၊ လှေဆိပ်၊ လှည်းဆိပ်တို့ကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခွင့်မပြုရ။

(ဆ) အရိပ်ရနှစ်ရှည်ပင်ကြီးများနှင့် သစ်ပင်၊ ပန်းပင်များအား ခုတ်လှဲခြင်း၊ ပြောင်းရွှေ့ခြင်း၊ မြက်ခင်းများကို ဖျက်ဆီးခြင်း၊ ပြောင်းရွှေ့ခြင်းမပြုရ။

၆၇။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) လူသေအလောင်းကိုသတ်မှတ်ထားသည့် ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်း မပြုရ။

(ခ) ကူးစက်တတ်သောရောဂါကြောင့်သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်း မပြုရ။

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့် နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ခြင်း၊ ဂူသွင်းသင်္ဂြိုဟ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမပြုရ။

(ဃ) ဌာနပိုင်သုသာန်တွင် လူသေအလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ခြင်း၊ ဂူသွင်းသင်္ဂြိုဟ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမပြုရ။

၆၈။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) ပြည်တွင်းဧည့်သည်များအတွက် တည်းခိုခန်း၊ ခန်းမများ၊ အခန်းလိုက်ငှားသောအဆောက်အအုံများ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ခ) ကိုယ်ပိုင်ကျောင်းများ၏ ဘော်ဒါဆောင်မှအပ ဘော်ဒါဆောင်တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

(ဂ) စားသောက်ဆိုင်လုပ်ငန်းများနှင့် လမ်းဘေးဈေးဆိုင်များ၊ ပုဂ္ဂလိကအိမ်ဆိုင်များ ဖွင့်လှစ်ခြင်းမပြုရ။

(ဃ) မုန့်နှင့် စားသောက်ဖွယ်ရာများ ထုတ်လုပ်ခြင်း၊ လုပ်ငန်းတည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

၆၉။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) ဥပစာတစ်ခုတွင် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော၊ အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(ခ) ဥပစာတစ်ခုတွင် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော၊ အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့် သက်ဆိုင်သော ပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်းမပြုရ။

၇၀။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းမပြုရ။

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းဖြင့် သုတ်သင်ရှင်းလင်းခြင်းမပြုရ။

၇၁။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) ပုဂ္ဂလိကဈေး၊ အဆင့်မြင့်အရောင်းဆိုင်များ တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးသော ဈေးကို ပြန်လည်တည်ထောင် ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏ မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်းမပြုရ။

(ခ) မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရ။

(ဂ) စည်ပင်သာယာရေးဌာနပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်းမပြုရ။

(ဃ) ကွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းမပြုရ။

(င) ရေခဲနှင့်အချိုရည်စက်ရုံများ၊ ရေသန့်စက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

(စ) အပေါင်ဆိုင်လုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

(ဆ) အခြားပုဂ္ဂလိကစီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

၇၂။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းတွင် -

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းကမ်းများအရ တာဝန် ဝတ္တရား ဆောင်ရွက်ရန်အတွက် မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံးလုပ်နည်းနှင့် အညီ နေ့အချိန်ဝင်ရောက်မည့် မြို့နယ်ကော်မတီကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာ လွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးဌာန ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်းမပြုရ။

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် မြို့နယ်ကော်မတီနှင့် စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုနိုင်စေရန် ဥပဒေနှင့်အညီ မဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်းမပြုရ။

## အခန်း (၁၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၇၃။ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(င)၊ (စ)၊ (ဆ) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဃ)၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂၊ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (စ)၊ ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဃ)၊ (ဆ)၊ ပုဒ်မ ၇၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၇၁၊ ပုဒ်မခွဲ (ခ)၊ (ဂ) တွင် ဖော်ပြထားသည့် ပုဒ်မ၊ ပုဒ်မခွဲတို့အရ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ယင်းပြဋ္ဌာန်းချက်တို့နှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အမိန့်များကိုဖြစ်စေ၊ ပထမအကြိမ် လိုက်နာရန် ပျက်ကွက်သူ၊ ဖောက်ဖျက်ကျူးလွန်သူသည် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းကိုခံရမည်။

၇၄။ မြို့နယ်ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်ခြင်းခံရသူသည် စီမံခန့်ခွဲရေးဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀ အထိ ချမှတ်နိုင်သည်။

၇၅။ ပြစ်မှုကျူးလွန်သူသည် ဤဥပဒေအရ ထုတ်ပေးထားသော လိုင်စင်ရရှိသူ၊ မှတ်ပုံတင်လက်မှတ်ရရှိသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူဖြစ်ပါက ပုဒ်မ ၇၄ အရ ချမှတ်ထားသော စီမံခန့်ခွဲရေးဒဏ်ကြေးအပြင် အောက်ပါ အရေးယူမှုတစ်ရပ်ရပ်ချမှတ်ခြင်းကိုလည်း ခံရမည် -

(က) သတိပေးခြင်း။

(ခ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း။

(ဂ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

၇၆။ ဤဥပဒေပုဒ်မ ၇၄ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူကို တရားရုံး၌ ထပ်မံ တရားစွဲဆိုခြင်းမပြုရ၊ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူကို ဤဥပဒေအရ တရားစွဲဆိုရမည်။

၇၇။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အရချမှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

## အခန်း (၁၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၇၈။ (က) မည်သူမဆို ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားကိုသတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏ အသား သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ်အနည်းဆုံး (၆) လမှ အများဆုံး (၃) နှစ်ထိ ချမှတ်ခြင်းခံရသည့်အပြင် ကျပ် ၅၀၀၀၀၀ ထက် မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏ အသားသည် တရားဝင်ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော သို့မဟုတ် အခြားအကြောင်းတစ်ခုခုဖြင့်သေဆုံးသော ကျွဲ၊ နွား၏ အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၇၉။ မည်သူမဆို ပုဒ်မ ၇၈ ပါ ပြဋ္ဌာန်းချက်မှအပ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းမျဉ်း၊ စည်းကမ်း တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ကျပ် ၄၀၀၀၀၀ ထက်မပိုသော ဒဏ်ငွေကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၈၀။ (က) ပုဒ်မ ၇၈ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တားမြစ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းမျဉ်း၊ စည်းကမ်း တစ်ရပ်ရပ်ကိုဖြစ်စေ ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်း ပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံးငွေဒဏ်ကျပ် ၁၀၀၀၀ မှ အများဆုံး ငွေဒဏ်ကျပ် ၅၀၀၀၀ အထိ ချမှတ်ရမည်။

(ခ) အကယ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းမျဉ်း၊ စည်းကမ်း တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက် ကျူးလွန်မှုသည် အဆောက်အအုံ တစ်စုံတစ်ရာကို ကျူးကျော်ဆောက်လုပ်သည့် ပြစ်မှု သို့မဟုတ် အဆောက်အအုံတစ်စုံတစ်ရာမှ ဖယ်ရှားခြင်းမပြုသည့် ပြစ်မှုဖြစ်ပါက ကျူးကျော် အဆောက်အအုံကို ပြစ်မှုကျူးလွန်သူက တစ်ဆယ့်ငါးရက်အတွင်း ကိုယ်တိုင်ဖျက်သိမ်း ဖယ်ရှားစေရန် သို့မဟုတ် အဆောက်အအုံတစ်စုံတစ်ရာမှ ပြစ်မှုကျူးလွန်သူက တစ်ဆယ့် ငါးရက်အတွင်း ကိုယ်တိုင်ဖယ်ရှားစေရန်နှင့် ယင်းသို့ ပြစ်မှုကျူးလွန်သူက သတ်မှတ်ချိန်အတွင်း ဖျက်သိမ်း ဖယ်ရှားခြင်းမပြုပါက မြို့နယ်ကော်မတီအစီအစဉ်ဖြင့် ဖျက်သိမ်းဖယ်ရှားစေရန် အမိန့်ချမှတ်ရမည်။ ထိုသို့ ဖျက်သိမ်းဖယ်ရှားခြင်းအတွက် ကုန်ကျစရိတ်ကို ပြစ်မှုကျူးလွန်သူက ကျခံစေရမည်။

၈၁။ မည်သူမဆို ဦးစီးအဖွဲ့၊ ကော်မတီများနှင့် ဌာနတို့က ထုတ်ပြန်သည့် အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀၀၀၀၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၈၂။ ပုဒ်မ ၈၁ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ညွှန်ကြားချက် တစ်ရပ်ရပ်ကိုဖြစ်စေ ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံးငွေဒဏ်ကျပ် ၁၀၀၀၀ မှ အများဆုံးငွေဒဏ်ကျပ် ၅၀၀၀၀ အထိ ချမှတ်ရမည်။

၈၃။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင် ပြစ်မှုအတွက် ချမှတ်သည့် ပြစ်ဒဏ်အပြင် ပြစ်မှုနှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော အမိန့်ကို ချမှတ်နိုင်သည်။

၈၄။ (က) ဤဥပဒေအရ တရားစွဲဆို တင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သော ပစ္စည်းမှာလည်း တရားရုံးရှေ့တင်ပို့ရန် ပျက်စီးလွယ်သည့် သို့မဟုတ် ပုပ်သိုးလွယ်သည့် ပစ္စည်းဖြစ်ပါက သက်သေခံပစ္စည်းအပေါ် စီမံခန့်ခွဲသည့် အမိန့်ချမှတ်နိုင်သည်။ ယင်းကဲ့သို့ စီမံခန့်ခွဲသည့် အမိန့် ချမှတ်ကြောင်း တရားရုံးသို့ အစီရင်ခံစာတင်ပြရမည်။

(ခ) ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် သက်သေခံ ပစ္စည်းသည် တရားရုံးရှေ့တွင် တင်ပို့ရန်မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံ ပစ္စည်းကို တရားရုံးရှေ့ တင်ပို့ရန်မလိုဘဲ မည်သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြရမည်။

၈၅။ (က) ပုဒ်မ (၄၃) ကို ဆန့်ကျင်ဖောက်ဖျက်သည့်ကိစ္စအတွက် စွဲဆိုသောအမှုများကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးက တရားစွဲဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အမှုများမှအပ ဤဥပဒေအရ စွဲဆိုသောအမှုများကို သက်ဆိုင်ရာမြို့နယ်ကော်မတီ (သို့မဟုတ်) မြို့နယ်ကော်မတီက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်ကသာ တရားစွဲဆိုရမည်။

၈၆။ မြို့နယ်ကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၈၇။ ဒေသကော်မတီဝင်များနှင့် မြို့နယ်ကော်မတီဝင်များ သို့မဟုတ် ဌာန၏ဝန်ထမ်းများသည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက် စသည်တို့နှင့်အညီ မိမိ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များအား သဘောရိုးဖြင့် ကျင့်သုံးဆောင်ရွက်ခြင်းအတွက် ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခံရခြင်း မရှိစေရ။

## အခန်း (၂၀)
## အထွေထွေ

၈၈။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် စည်ပင်သာယာရေးဌာန နှစ်ဌာန သို့မဟုတ် နှစ်ဌာနထက်ပိုသော ဌာနများနှင့်ဆက်စပ်သည့်လုပ်ငန်းဖြစ်ပါက ယင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ စည်ပင်သာယာရေးဌာန နှစ်ဌာန သို့မဟုတ် နှစ်ဌာနထက်ပိုသော ဌာနများသည် အစိုးရအဖွဲ့၏ သဘောထား၊ ဦးစီးအဖွဲ့၏ ခွင့်ပြုချက်တို့ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုခုနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၈၉။ ဦးစီးအဖွဲ့သည် စည်ပင်သာယာရေးဌာနက ဆောင်ရွက်သောလုပ်ငန်းများနှင့် ဆက်နွှယ်သော အခြားအစိုးရဌာနတစ်ခုခု၏ လုပ်ငန်းဆောင်ရွက်မှုအရ ကောက်ခံရရှိသည့် အခွန်၊ အခနှင့် ဒဏ်ကြေးများမှ သင့်လျော်သော အခွန်၊ အခနှင့် ဒဏ်ကြေးအချိုးအစားကို စည်ပင်သာယာရေးဌာနသို့ ခွဲဝေပေးစေရေး အတွက် အစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၉၀။ ဌာနသည် ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးဌာနပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

၉၁။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက်အအုံများမှအပ နိုင်ငံပိုင်အခြားအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာ စည်ပင်သာယာရေး ကော်မတီသို့ ကြိုတင်အကြောင်းကြားရမည်။

၉၂။ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တည်ဆဲစည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၉၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဦးစီးအဖွဲ့သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးအဖွဲ့ သို့မဟုတ် မြို့နယ်ကော်မတီ သို့မဟုတ် ဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်နယ်ဝန်ကြီးချုပ်၊
ရှမ်းပြည်နယ်အစိုးရအဖွဲ့။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် ( ၂၀၁၅ ခုနှစ်၊ မေလ ၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**စစ်ရာထူးခန့်ချုပ်ရုံး**
**(ရေတပ်ဌာနခွဲ)**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )

အမှတ်စဉ် ၁၄/၂၀၁၄။ ။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၆) မှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှ အစပြု၍ တပ်မတော် (ရေ) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ရေ)**
**စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲ**

| | | | |
|---|---|---|---|
| (၁) | ဝင်းမြင့်အောင် | ရေ | ၅၁၀၅ |
| (၂) | မင်းနိုင် | ရေ | ၅၁၀၆ |
| (၃) | စိုင်းမင်းသူ | ရေ | ၅၁၀၇ |
| (၄) | စိုးသီဟ | ရေ | ၅၁၀၈ |
| (၅) | လှမျိုးမင်း | ရေ | ၅၁၀၉ |
| (၆) | ဝေယံဖြိုး | ရေ | ၅၁၁၀ |
| (၇) | ဟိန်းဇော် | ရေ | ၅၁၁၁ |
| (၈) | သူအောင်ဝင်း | ရေ | ၅၁၁၂ |
| (၉) | သက်ဦးအောင် | ရေ | ၅၁၁၃ |
| (၁၀) | ရဲလင်းနိုင် | ရေ | ၅၁၁၄ |
| (၁၁) | ထက်နေထွန်း | ရေ | ၅၁၁၅ |
| (၁၂) | ဗညား | ရေ | ၅၁၁၆ |
| (၁၃) | ဟိန်းသီဟလွင် | ရေ | ၅၁၁၇ |
| (၁၄) | ရန်အောင်ကျော် | ရေ | ၅၁၁၈ |
| (၁၅) | စောရန်အောင် | ရေ | ၅၁၁၉ |
| (၁၆) | ဇော်နိုင်ဝင်း | ရေ | ၅၁၂၀ |
| (၁၇) | ရဲရင့်နိုင် | ရေ | ၅၁၂၁ |
| (၁၈) | ကောင်းထက်ကျော် | ရေ | ၅၁၂၂ |
| (၁၉) | ကျော်တင်ခင် | ရေ | ၅၁၂၃ |
| (၂၀) | ဇင်သူရိန်အောင် | ရေ | ၅၁၂၄ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် )

အမှတ် ၁၄။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၌ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၄) ခွင့်ပြုချက်အရ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်၊ စစ်ကိုင်းမှ အောက်ဖော်ပြပါ လက်ထောက်ကထိက (၂၂) ဦးတို့အား တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယှဉ်တွဲပါ ကထိကရာထူးနေရာများသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | **အမည်/ရာထူး/ဌာန/<br>လစာနှုန်း/ကျောင်း** | **တိုးမြှင့်မည့်ရာထူး/ဌာန/<br>လစာနှုန်း/ကျောင်း** |
|---|---|---|
| (က) | ဒေါက်တာသောင်းအေး<br>လက်ထောက်ကထိက<br>(ရူပဗေဒဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) | ကထိက<br>(ရူပဗေဒဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) |
| (ခ) | ဒေါက်တာယုယုဝင်းမြတ်<br>လက်ထောက်ကထိက<br>(ရူပဗေဒဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) | ကထိက<br>(ရူပဗေဒဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) |
| (ဂ) | ဒေါက်တာအေးသီတာဝင်း<br>လက်ထောက်ကထိက<br>(ဇီဝဗေဒဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) | ကထိက<br>(ဇီဝဗေဒဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) |
| (ဃ) | ဒေါ်ခင်ချိုချိုခိုင်<br>လက်ထောက်ကထိက<br>(အင်္ဂလိပ်စာဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) | ကထိက<br>(အင်္ဂလိပ်စာဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) |
| (င) | ဒေါ်ခင်မီမီခိုင်<br>လက်ထောက်ကထိက<br>(အီလက်ထရောနစ်ဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) | ကထိက<br>(အီလက်ထရောနစ်ဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) |
| (စ) | ဒေါ်ဝင်းမင်းသန်း<br>လက်ထောက်ကထိက<br>(အီလက်ထရောနစ်ဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) | ကထိက<br>(အီလက်ထရောနစ်ဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) |
| (ဆ) | ဒေါ်ဆွေဇင်သက်<br>လက်ထောက်ကထိက<br>(အီလက်ထရောနစ်ဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) | ကထိက<br>(အီလက်ထရောနစ်ဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |

| စဉ် | အမည်/ရာထူး/ဌာန/ လစာနှုန်း/ကျောင်း | တိုးမြှင့်မည့်ရာထူး/ဌာန/ လစာနှုန်း/ကျောင်း |
|---|---|---|
| (ဇ) | ဒေါ်ဇာဖြူထွန်း<br>လက်ထောက်ကထိက<br>(မြို့ပြဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) | ကထိက<br>(မြို့ပြဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) |
| (စျ) | ဒေါ်ကြည်ကြည်ဝေ<br>လက်ထောက်ကထိက<br>(မြန်မာစာဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | ကထိက<br>(မြန်မာစာဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |
| (ည) | ဒေါ်သီတာ<br>လက်ထောက်ကထိက<br>(မြန်မာစာဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | ကထိက<br>(မြန်မာစာဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |
| (ဋ) | ဒေါ်စောမြသိန်း<br>လက်ထောက်ကထိက<br>(အင်္ဂလိပ်စာဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | ကထိက<br>(အင်္ဂလိပ်စာဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |
| (ဌ) | ဒေါ်မွန်မွန်အောင်<br>လက်ထောက်ကထိက<br>(သင်္ချာဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | ကထိက<br>(သင်္ချာဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |
| (ဍ) | ဒေါ်အေးအေးခိုင်<br>လက်ထောက်ကထိက<br>(သင်္ချာဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | ကထိက<br>(သင်္ချာဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |
| (ဎ) | ဒေါ်စန်းစန်းဝင်း<br>လက်ထောက်ကထိက<br>(ဓာတုဗေဒဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | ကထိက<br>(ဓာတုဗေဒဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |
| (ဏ) | ဒေါ်စုစုနိုင်<br>လက်ထောက်ကထိက<br>(ကွန်ပျူတာသိပ္ပံဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | ကထိက<br>(ကွန်ပျူတာသိပ္ပံဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |

| စဉ် | အမည်/ရာထူး/ဌာန/ လစာနှုန်း/ကျောင်း | တိုးမြှင့်မည့်ရာထူး/ဌာန/ လစာနှုန်း/ကျောင်း |
|---|---|---|
| (တ) | ဒေါ်ကေသီငြိမ်း<br>လက်ထောက်ကထိက<br>(မြို့ပြဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | ကထိက<br>(မြို့ပြဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |
| (ထ) | ဒေါ်အိအိစိန်<br>လက်ထောက်ကထိက<br>(မြို့ပြဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | ကထိက<br>(မြို့ပြဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |
| (ဒ) | ဒေါ်စန်းယုအေး<br>လက်ထောက်ကထိက<br>(မြို့ပြဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | ကထိက<br>(မြို့ပြဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |
| (ဓ) | ဒေါ်ယဉ်ယဉ်ဌေးအောင်<br>လက်ထောက်ကထိက<br>(စက်မှုစွမ်းအားဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | ကထိက<br>(စက်မှုစွမ်းအားဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |
| (န) | ဒေါ်နီနီအောင်<br>လက်ထောက်ကထိက<br>(စက်မှုစွမ်းအားဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | ကထိက<br>(စက်မှုစွမ်းအားဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |
| (ပ) | ဒေါ်သူဇာထွန်း<br>လက်ထောက်ကထိက<br>(အီလက်ထရောနစ်ဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | ကထိက<br>(အီလက်ထရောနစ်ဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |
| (ဖ) | ဒေါ်တာရာမျိုးထွန်း<br>လက်ထောက်ကထိက<br>(အီလက်ထရောနစ်ဌာန)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | ကထိက<br>(အီလက်ထရောနစ်ဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |

စံရွှေအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်<br>( ၂၀၁၅ ခုနှစ်၊ မေလ ၈ ရက် ) | **သောကြာနေ့** |
| --- | --- | --- |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## <u>အပိုင်း ၄</u>

### ALINKA COMPANY LTD.

**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ**

ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း

**ကြေညာချက်**

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နှင့် နောက်ဆုံးအစည်းအဝေးအား (၇-၆-၂၀၁၅) ရက်နေ့ နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ နဝရတ်လမ်း၊ ပြည်ရိပ်မွန် အိမ်ရာ၊ အဆောင် (၃)၊ အခန်း (၁၃) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) က ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေများကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးခင်ဝင်း
B.A, H.G.P., R.L., D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi), D.Jap, M.P.A, M.A (B:L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း- ၂၉၈၃၇၈၊ ၀၉-၅၀၀၈၅၈၃

**ရွှေကြာပန်း စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်**

**(SHWE KYAR PANN INDUSTRY CO.,LTD.)** အား

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ရွှေကြာပန်း စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (SHWE KYAR PANN INDUSTRY CO.,LTD.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်- (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်

(တရားလွှတ်တော်ရှေ့နေ)

YE NOOS & ASSOCIATES (Law Firm)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ဂုဏ်ထူးဆောင် အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်**

**(PRESTIGE INTERNATIONAL CO.,LTD.)** အား

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ဂုဏ်ထူးဆောင် အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် (PRESTIGE INTERNATIONAL CO.,LTD.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့၊ နံနက် (၁၁း၃၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်- (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်

(တရားလွှတ်တော်ရှေ့နေ)

YE NOOS & ASSOCIATES (Law Firm)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ဝင်းဝင်း အလင်းရောင် ကုမ္ပဏီလီမိတက်
## (WIN WIN LIGHT CO.,LTD.) အား

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ဝင်းဝင်း အလင်းရောင် ကုမ္ပဏီလီမိတက် (WIN WIN LIGHT CO.,LTD.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့၊ နေ့လယ် (၁၃း၀၀) နာရီ အချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်- (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## လှဝေနှင့် သားများ ကုမ္ပဏီလီမိတက်
## (HLA WAI & SONS COMPANY LIMITED.)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ မေလ (၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **လှဝေနှင့် သားများ ကုမ္ပဏီလီမိတက် (HLA WAI & SONS CO.,LTD.)** အား (၈. ၅. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဇွန်လ (၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးလှဝေ (ခ) ဦးဘာဘာဆာမြား
Managing Director
Hla Wai & Sons Co., Ltd.

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## သဘာဝတောလမ်း ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်
## (NATURE TRAIL TRAVELS & TOURS COMPANY LIMITED.)

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ၊ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ **(NATURE TRAIL TRAVELS & TOURS COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည် ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - ၂၉-၅-၂၀၁၅

အစည်းအဝေးကျင်းပမည့်အချိန် - (၁၀း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - အမှတ် (၄၄)၊ ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၁၀) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဦးမင်းလွင်ဦး
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## Parr Property Ltd.

Room No.117, Inya Lake Hotel, 37 Kaba Aye Pagoda
Mayangone Township, Yangon, Myanmar

**Voluntary Liquidation with the consent of the shareholders**

According to this Special resolution of the Extraordinary General meeting of the Company held on 01-04-2015 at Room No.117, Inya Lake Hotel, 37 Kaba Aye Pagoda Mayangone Township, Yangon, Myanmar, it is decided that the Company be place into voluntary liquidation for carrying out of such liquidation, Daw Thida Cho Win (B.Com, C.P.A) holding NRC No:5/Nga Za Na (Naing) 038662 was appointed as liquidator.

We hereby announce that any person who have debts and liabilities to this company should claim or pay them from/ to the liquidator by 15-06-2015 at the latest.

Mr. Robert Edward Brier
Director
Parr Property Limited.

Thida Cho Win
Certified Public Accountant &
Financial Consultant

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၉၁/၈-၅-၂၀၁၅။